မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၇)

မေတ္တာသည် ဒါန၊ သီလ၊ ဘာဝနာ၊ ပညာ

မေတ္တာသည် ဒါနနှင့်သီလ အပေါင်းမျှသာမဟုတ်
မေတ္တာကိုယ်၌ပင် ဘာဝနာတစ်မျိုးဖြစ်သည်။
ဘာဝနာ၏ရလဒ်ကား ပညာတည်း။
ထို့ကြောင့် မေတ္တာသည် ဒါန၊ သီလ၊ ဘာဝနာ၊ ပညာမည်၏။

ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး စက်ခေါင်းနှင့်တွဲများ ပြည်ပမှ မှာယူတင်သွင်း ပြည်တွင်းထုတ်လုပ်မှု အဆက်မပြတ်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စက်ခေါင်းစက်ရုံ(အင်းစိန်)၌ ကိုယ်ပိုင်တည်ဆောက်လျက်ရှိသော BOGIE အား စမ်းသပ်လည်ပတ်နေမှု၊ DF-1200-03 စက်ခေါင်းသစ် တပ်ဆင်ပြီးစီးမှုနှင့် စက်ခေါင်းသစ်ခြောက်ခေါင်း၏ တည်ဆောက်မှုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် ဝန်ကြီးသည် DF-1200-03 စက်ခေါင်းကို ဒီဇင်ဘာလအတွင်း ပြီးစီးအောင် အရည်အသွေးမီ တည်ဆောက်သွားရန်မှာကြားပြီး မြန်မာ့မီးရထားက လိုအပ်သော စက်ခေါင်း၊ တွဲ၊ စက်ကိရိယာနှင့် စက်အရန်ပစ္စည်းများကို စာမျက်နှာ ၆ ကော်လံ ၁ ❍

စံပြကွက်

မိုင်းရယ်မြို့မှ ကျေးသီးမြို့ဘက်သို့အထွက် လမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး တစ်ဧက တင်း၂၅၀ထွက် ၁၀ဧက စံပြကွက်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မိုင်းရယ်မြို့သို့ လေ့လာရေးခရီးတစ်ခေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၅

ဒီဇင်ဘာလအတွင်း ချင်းနှင်းဝင်ရောက်စပြုသည်နှင့် နေပြည်တော်၌ အအေးပိုလာခဲ့ချေပြီ။ နေပြည်တော် ရာဇဌာနီ လမ်းမကြီးပေါ်မှ အရှေ့အရပ်သို့ လှမ်းမျှော်ကြည့်လိုက်သော အခါ ရှမ်းရိုးမတောင်တန်းကြီးကို နံနက်ခင်း နေခြည်အောက်တွင် မှိုင်းမှိုင်းပျပျ တွေ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၂ ✻

ရေဝတီတိုင်းနှင့် ရန်ကုန်တိုင်းအကြား ဆက်သွယ်သွားလာမှု ပိုမိုချောမွေ့လျင်မြန်စေခဲ့သည့် ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်) တံတား

နေပြည်တော် ဒီဇင်ဘာ ၅

မြစ်ချောင်း အင်းအိုင်ပေါများလှသည့် တိုင်းဧရာဝတီတွင် နိုင်ငံတော်အစိုးရမှ လမ်း တံတားများ တည်ဆောက် ဖောက်လုပ်ပေးမှုကြောင့် လမ်းတံတားများမှာ ကွန်ရက်သဖွယ် ပေါ်ထွန်းနေပေပြီ။ ဧရာဝတီတိုင်းသားတို့ အချိန်တိုအတွင်း ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ကုန်စည်စီးဆင်းမှုမှာလည်းသွက်လက်မြန်ဆန်လာခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၆ ❒

သတင်းမှတ်စု
တင်မာဝင်း
နှင့်
အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
လှဲ့လှဲ့ဝင်း
(မြန်မာ့အလင်း)

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား။
(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၆ရက်)

စက်မှုကုန်ကြမ်းသီးနှံများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေး မြေလွတ်မြေရိုင်းများ တိုးမြှင့်ဖော်ထုတ်လုပ်ကိုင်

မြန်မာနိုင်ငံသည် ရေ၊ မြေ သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရာသီဥတု လွန်ကဲမှုမရှိဘဲ သီးနှံစိုက်ပျိုးဖြစ်ထွန်းသောရာသီဖြစ်ရာ စားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပြုလျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလျက်ရှိသော စက်မှုကုန်ကြမ်းသီးနှံများအနက် ရော်ဘာသည် တစ်ခုအပါအဝင်ဖြစ်ပြီး မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိသည်။

ရော်ဘာကို တနင်္သာရီတိုင်း မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် စိုက်ပျိုးလျက်ရှိပြီး မြိတ်ခရိုင်၌ အများဆုံး စိုက်ပျိုးလျက်ရှိသည်။

မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်ဖြစ်ရေး ရည်မှန်းချက်နှင့် ၂၀၀၈-၂၀၀၉တွင် စိုက်ဧက ၄၀၇၈၇၉ ရှိခဲ့၍ ရည်မှန်းချက်ပြည့်မီကျော်လွန်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ကွမ်းလုံခရိုင်၌ ၆၉၆၃ဧက စိုက်ပျိုးခဲ့ပြီး မြေလွတ်မြေရိုင်း တောင်ကတုံးများ၌လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သုတေသနပြုမှုဖြင့် စိုက်ပျိုးထားသည်။

ကချင်ပြည်နယ်တွင် ရော်ဘာကို မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်တို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး ၂၀၀၈-၂၀၀၉ စိုက်ပျိုးရေးရာသီအထိ မြစ်ကြီးနားခရိုင်၌ စုစုပေါင်း ရော်ဘာစိုက်ဧက ၁၅၉၃၁ဧက၊ မိုးညှင်းခရိုင်အတွင်းတွင် ၄၃၆၂ဧက၊ ဗန်းမော်ခရိုင်အတွင်း ၁၈၀၉၃ဧက စိုက်ပျိုးထားသည်။ ၂၀၀၄-၂၀၀၅စိုက်ပျိုးရာသီမှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အစေးခြစ်နိုင်သော ရော်ဘာပင်များ ပိုမိုများပြားလာခဲ့သည်။ ကချင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးနိုင်သည့် ရေခံမြေခံရှိသဖြင့် ရော်ဘာစိုက်ပျိုးမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သည်။

ကမ္ဘာ့စက်မှုထွန်းကားသည့် နိုင်ငံများသည် မော်တော်ယာဉ်များ နှစ်စဉ်သန်းနှင့်ချီထုတ်လုပ်လျက်ရှိသဖြင့် ကမ္ဘာ့ဈေးကွက်ဝင် ရော်ဘာလိုအပ်ချက်သည် ပိုမိုမြင့်တက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆွမ်းပေးနိုင်သည့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားပါက တစ်ဦးချင်းဝင်ငွေသာမက နိုင်ငံ၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင်သာမက ယခုအခါ တောင်ပေါ်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင်ပါ ဖြစ်ထွန်းလျက်ရှိသည့်ရော်ဘာကို တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများက မြေလွတ်မြေရိုင်းများကို ဖော်ထုတ်အသုံးချ စိုက်ပျိုးသွားပါက နိုင်ငံ၏စီးပွားရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဂွန်း အထက ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရွှေဂွန်း ဒီဇင်ဘာ ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်း အထက၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေဂွန်း အထက၌ ကျင်းပမည်ဖြစ်ရာ လက်ရှိ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ အသက်(၆၀)နှင့်အထက် ကန်တော့ခံမည့် ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်ဖိတ်ကြားထားသည်။

အလှူငွေများကို ဒေါ်မိုးပုလဲစိုး (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၈-၄၅၈၈၈၊ ဒေါ်စောနွဲ့ (ရန်ကုန်) ဖုန်း-၀၉-၅၁-၈၃၁၂၄၊ ဦးတင်အေး (ရန်ကုန်) ဖုန်း-၀၉-၅၀-၁၆၆၇၄၊ ဒေါက်တာတင်ဝင်းကျော်(ရွှေဂွန်း) ဖုန်း-၀၅၈-၄၇၆၀၀၊ ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း(ရွှေဂွန်း) ဖုန်း-၀၅၈-၂၂၀၁၈၊ ၀၉-၈၇-၃၀၁၂၅၊ (ဘားအံ) ၀၉-၅၆-၆၀၆၁၃ နှင့် ဦးတင်ဖေ-ဒေါ်မြင့်ရီ (ရွှေဂွန်း)ဖုန်း-၀၅၈-၂၁၀၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၆-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၄)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ခိုင်မြဲသောမေတ္တာ**
၁၃း၃၀ ၆။ ကျန်းမာသုတ
၁၃း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၈)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၀။ လျှပ်တစ်ပြက်
၆း၃၀ ၁၁။ ဘဝကြေးမုံ **မြတ်နိုးတတ်တယ်** မင်းဦး၊ နိုဘယ်ကျော်ကျော် ဒါရိုက်တာ-ဆဲဗင်း(I.C)
၆း၄၅ ၁၂။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၂၅)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု စိမ်းလန်းငြိမ်းချမ်းဖွံ့ဖြိုးလှပ သစ်တောသယံဇာတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၂၂)

ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက်က စမ်းချောင်းမြို့နယ် အထက(၂) စံပယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းလူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်တိုင်းဦးစီးအရာရှိ ဒေါ်ခင်နွယ်ထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းတင်၊ မြို့နယ်မူးယစ်ကြီးကြပ်ရေးမှူး ဦးအောင်ညွန့်နှင့် ရန်ကုန်တိုင်း မူးယစ်(အနောက်)အထူးအဖွဲ့မှ ရဲအုပ်မျိုးကြည်တို့က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအန္တရာယ်အကြောင်းကို ဟောပြောဆွေးနွေးကြသည်။

ဆုချီးမြှင့်

ယင်းနောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(လူမှုဝန်ထမ်း)**

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ရွှေရတုသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

ပခုက္ကူအသင်း (ရန်ကုန်) တည်ထောင်ခဲ့သည်မှာ နှစ်(၅၀)ပြည့်မြောက်ပြီဖြစ်သဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့်စာပေအနုပညာထူးချွန်ဆုပေးပွဲနှင့်အတူ ပူးတွဲ၍ ရွှေရတုသဘင်အခမ်းအနားကို ဒဂုံမြို့နယ် အာဇာနည်ဗိမာန်လမ်း ပခုက္ကူဓမ္မာရုံ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ၂ရက်(စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်တိုင်းတက်ရောက်ကြရန်ဖိတ်ကြားထားသည်။

ဆက်သွယ်ရန်

သက်ကြီးပူဇော်ပွဲနှင့် ရွှေရတုအထိမ်းအမှတ်အတွက် လှူဒါန်းလိုသူများနှင့် အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ ပညာရေးထောက်ပံ့ငွေလျှောက်ထားလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀-၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇နှင့် ပခုက္ကူဓမ္မာရုံ ဖုန်း-၃၈၃၅၁၁ လိုင်းခွဲ၂၅၁တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **လူ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၅ ထင်ရှားတည်ရှိမြင်းမထိ
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၀၉)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁၈)
၈း၃၀ Sports World (Sunday Special)
၈း၅၅ Activities in the City (မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ညီလာခံ အခမ်းအနား)
၉း၁၅ နေပြည်တော်တောင်စခန်း ရွှင်လန်းဖွယ်နားခိုမယ် (Mount Pleasant Hotel)
၉း၂၅ Sunday Talk (ဒေါက်တာမိုးမိုးခိုင်၊ မျိုးမြတ်သူ)
၁၀း၃၅ 3D ကွဲကော
၁၀း၅၅ Milestones of Contemporary Music Selection
၁၁း၂၀ လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာ ပန်ဒိုရာအောင်ကြီး)
၁၁း၄၀ **တစ်ပြည်ဝင်အိုး** (အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၁၂း၀၅ ဗီဒီယိုပြခန်း
၁၂း၂၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၁)
၁၂း၄၅ နေပြည်တော်တောင်စခန်း ရွှင်လန်းဖွယ်နားခိုမယ် (Mount Pleasant Hotel)
၁း၀၀ **လူ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကားမျိုးစုံမတတ်တာ ကောင်းတယ်)
၃း၄၀ **တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
၄း၀၅ လေဖြတ်ပြီးနောက် ပြန်လည်ကျန်းမာသန်စွမ်းရေးအကြောင်း သိကောင်းစရာ (ဒေါက်တာပန်ဒိုရာအောင်ကြီး)
၄း၃၀ Activities in the City (မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ညီလာခံအခမ်းအနား)
၅း၀၀ Sports World (Sunday Special)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Milestones of Contemporary Music Selection
၆း၄၀ အောင်မြင်သူတို့၏ဘဝ (ကျော်ကြားသူတို့အတွက်မေမေ) (အပိုင်း-၁)
၇း၀၀ ဈေးဝယ်လမ်းညွှန် (Green Elephant House)
၇း၂၀ FMF (Selection)
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Shoe Gallery ဆိုင်သစ်ဖွင့်ပွဲ)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ဘာသာစကားမျိုးစုံတတ်တာ ကောင်းတယ်၊ ဘာသာစကားမျိုးစုံမတတ်တာ ကောင်းတယ်)
၉း၂၅ **Barclays Premier League** (Fulham Vs Sunderland)
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၁၈)
၁၁း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၁၁)
၁၂း၂၀ အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၁၂း၃၀ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၁၂း၄၀ စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၀၉)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Fulham- Sunderland	Star Sports(Live)
၁၁း၂၅	Everton-Tottenham	ESPN(Live)

ဒီဇင်ဘာ ၅ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံက ပင်ဂွင်းငှက်နှစ်စုံ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၅

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ထိုင်းနိုင်ငံ Zoological Park Organization (Z.P.O) က ပင်ဂွင်းငှက်နှစ်စုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ထိုင်း-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ General Lertrat Ratanvanich၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Col. Ekachai Harnpoonvittaya၊ ထိုင်းနိုင်ငံ တိရစ္ဆာန်ဥယျာဉ်များအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Sophon Dumnui၊ တိရစ္ဆာန်လဲလှယ်ရေး အစီအစဉ်တွင် ကူညီဆောင်ရွက်ပေးခဲ့သော Thai Sawat Import & Export Co.,Ltd. မှ Mr. Chetta Apipatana (Mr. Cheng) နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက ပင်ဂွင်းငှက်များ လက်ဆောင်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပင်ဂွင်းငှက်နှစ်စုံကို လက်ဆောင်အဖြစ်ပေးအပ်ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ပြန်လည်ပေးအပ်

၂၀၀၈ခုနှစ် မတ် ၂၆ရက်တွင် ကျင်းပခဲ့သော တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနား၌လည်း ထိုင်းနိုင်ငံက ရှားပါးတိရစ္ဆာန်ဖြစ်သည့် ပင်ဂွင်းငှက်တစ်စုံကို နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် လက်ဆောင်ပေးအပ်ခဲ့ပြီး ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ (၈၂)နှစ်မြောက် မွေးနေ့ဖြစ်သည့် ယနေ့တွင် ပင်ဂွင်းငှက်နှစ်စုံကို နှစ်နိုင်ငံချစ်ကြည်မှု တိုးတက်ခိုင်မာရေးအတွက် မေတ္တာလက်ဆောင် ပေးပို့ကူညီခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ရွှေသမင်နှစ်စုံနှင့် ကြယ်လိပ် ငါးစုံတို့ကို ထိုင်းနိုင်ငံသို့ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းကုန်းကျေးရွာ လောကအလင်းရောင် စာကြည့်တိုက်ဖွင့်

ကျောက်ဆည် ဒီဇင်ဘာ ၅

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ ခိုင်မာသည့် စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ရေးတို့အတွက် ကျောက်ဆည်ခရိုင် ကျောင်းကုန်းကျေးရွာ လောကအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စံ(၅)ချက်နှင့် ညီညွတ်ပြီး စာငှားစနစ်ဖြင့် ငှားရမ်းနိုင်ရေး၊ စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရခြင်းလုပ်ငန်းစဉ်များနှင့် စာပေရေးရာတို့ကို ရှင်းလင်းဆွေးနွေးသည်။

ကျေးဇူးတင်

ယင်းနောက် အလှူရှင်များက စာအုပ်နှင့် ငွေပဒေသာပင်များကို လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ၊ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ကျောင်းကုန်းကျေးရွာ လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ရပ်မိရပ်ဖ ဦးသိုက်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပန်းအလှပင်များ မိုးညှင်း၌ စိုက်ပျိုး

မိုးညှင်း ဒီဇင်ဘာ ၅

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်းသာယာရေးကို အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ရက်က မြို့ဝင်မြို့ထွက် ဆိုင်းဘုတ်ဝန်းကျင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များကို အစားထိုးစိုက်ပျိုးခြင်း၊ မြို့ဝင်ဆိုင်းဘုတ်များ ဆေးအသစ်ထပ်သုတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

ပင်ဂွင်းငှက် လက်ဆောင်ပေးအပ်

ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ General Lertrat Ratanvanich က ပင်ဂွင်းငှက်နှစ်စုံကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ထိုင်းနိုင်ငံ Zoological Park Organization (Z.P.O) က ပင်ဂွင်းငှက် နှစ်စုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ General Lertrat Ratanvanich အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ပရီမီယာကော်ဖီတေးသံရှင်နှင့် ကိုရီးယားဂျင်စင်းအားဆေး အလှမယ် နောက်ဆုံးအဆင့်ရွေးချယ်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

Premier Coffee Company နှင့် Ginsetin ကိုရီးယားဂျင်စင်း အားဆေးတို့ ကကြီးမှူး၍ တေးသံရှင်ရွေးချယ်ပွဲနှင့် အလှမယ်ရွေးချယ်ပွဲကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ယှဉ်ပြိုင် ကျင်းပရာ Premier Coffee တေးသံရှင် ရွေးချယ်ပွဲမှ တေးသံရှင် ၄၀နှင့် Ginsetin အလှမယ် ရွေးချယ်ပွဲမှ အလှမယ် ၂၅ဦးတို့ကိုရွေးချယ်ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဒီဇင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့ Capital Hypermarket ၌ နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ဆုချီးမြှင့်မည့် အစီအစဉ်အဖြစ် Premier Coffee နောက်ဆုံးအဆင့် တေးသံရှင်ဆုနှင့် Ginsetin နောက်ဆုံးအဆင့်အလှမယ်ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ကြိုတင်သတင်းပို့

ပါဝင်ယှဉ်ပြိုင်မည့် သူများသည် သက်ဆိုင်ရာရုံးခွဲများနှင့် နယ်ကိုယ်စားလှယ်များထံတွင် ပါဝင်ယှဉ်ပြိုင်မည့် သီချင်း CD များကိုထုတ်ယူနိုင်သည်။ ပြိုင်ပွဲဝင်များသည် ယှဉ်ပြိုင်မည့်ရက် မတိုင်မီ သုံးရက် ကြိုတင်သတင်းပေးပို့ထားပြီး ဖြစ်ရမည်။ ယင်းနောက်ပိုင်း သတင်းပို့သော ပြိုင်ပွဲဝင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

ထပ်မံရွေးချယ်

အဆိုပါ ယှဉ်ပြိုင်သူများအတွက် ဒီဇင်ဘာ ၁၄ရက်တွင် Capital Hypermarket Floor Area ၌ ပဏာမယှဉ်ပြိုင်ပြီး ၄င်းတို့အထဲမှ ရွေးချယ်ခံရသူများအား ဒီဇင်ဘာ ၁၅ရက်တွင် ထပ်မံရွေးချယ်မည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အမှတ် (299-A) မြမာလာလမ်း သာကေတစက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၄၁၁၆၃၊ ၀၉-၈၆-၄၁၁၆၄၊ ၀၉-၈၆-၁၉၀၃၇၊ ၀၉-၈၆ -၁၉၀၃၈နှင့် Ginsetin ကုမ္ပဏီ ဖုန်း-၀၉-၈၆၄၁၁၆၆ တို့သို့လည်းကောင်း၊ နယ်ကိုယ်စားလှယ်များထံတွင်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အလိမ္မာ စာမှာရှိ

အထက(၁) ကျောက်ပန်းတောင်း မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၅

ကျောက်ပန်းတောင်းမြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့်ဒီဇင်ဘာ ၃၀ရက် မွန်းလွဲ ၁နာရီတွင် အထက(၁) ကျောက်ပန်းတောင်း စကားဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ရန်ကုန် ဦးအောင်မိုး ဖုန်း-၀၁-၆၈၆၂၄၉၊ မန္တလေး ဦးသန်းဌေး ဖုန်း-၀၉-၆၈-၁၉၄၂၆၊ ကျောက်ပန်းတောင်း ဒေါ်စိန်စိန် ဖုန်း-၀၆၁-၅၀၅၈၃၊ ဒေါ်သန်းမြင့်ငြိမ်း ဖုန်း-၀၆၁-၅၀၁၇၀၊ ကိုမိုးဟိန်းစိုး ဖုန်း-၀၉- ၅၁-၂၈၉၁၈၊ ဦးဇော်ဝင်းမောင် ဖုန်း-၀၆၁-၅၀၉၀၅၊ ဦးထွန်းဝေ ဖုန်း- ၀၉-၂၂-၂၀၇၇၃နှင့် ဦးစုံမောင် ဖုန်း-၀၉-၂၂-၂၀၄၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြို့ရေပေးရေး

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းများ ပုံမှန်လည်ပတ်မှု ရှိစေရေးအတွက် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းနိုင်တို့က မြို့ရေပေးရေး ရေတင်စက်ရုံ အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထူးခြားသည့် ညအပူချိန် ၅-၁၂-၂၀၀၉		
ဟားခါးမြို့	၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၆	ဒီဂရီစင်တီဂရိတ်

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၈)၊ အမှတ်(၁၄)ထွက်ပြီ

နေပြည်တော် ဒီဇင်ဘာ ၅

တိုင်းရင်းသားရေး၏ဖွံ့ဖြိုးမှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုဖြစ်သည်။ မုန်တိုင်းသင့်ဒေသများ အခြေအနေသစ်၊ ဘဝသစ်ရောက်ရှိပြီး ကိုယ့်ဒေသတွင်း အင်အားဖြင့်ရပ်တည်နိုင်မည်။ မကြာမီပြီးစီးတော့မည့် ရေဝတီတစ်တိုင်းလုံး လွှမ်းခြုံသော လမ်းကွန်ရက်ကြီး ဖြစ်ပေါ်လာတော့မည့် မော်လမြိုင်ကျွန်းမြို့နယ် ရာဇဒိုင်တံတားအမှတ် (၂)၊ ကိုးကန့်ဒေသသည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ရှိ လူသားအားလုံးကို အန္တရာယ်ပေးသော မူးယစ်ဆေးဝါးရောင်းချမှုကို ဖယ်ရှား၊ မြန်မာငွေကျပ် ၂၀ဘီလီယံကျော် (အမေရိကန်ဒေါ်လာ သန်း၂၀ကျော်) တန်ဖိုးရှိ ကိုးကန့်နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲကျင်းပ၊ ကမ္ဘာ့နိုင်ငံများသည် ရိုးရာတိုင်းရင်းဆေးဝါးများကို စိတ်ဝင်တစား ထုတ်လုပ်လာလျက်ရှိ၊ မြန်မာ့တိုင်းရင်းဆေးဝါးများ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် သုတေသနလုပ်ငန်းများတိုးချဲ့ အစရှိသည့် သတင်းများနှင့်အတူ နိုင်ငံတကာသတင်းများ၊ မြန်မာနိုင်ငံ ဒီမိုကရေစီ စစ်တမ်း(၁၄) (မောင်ဥညြ)၊ ကန်ထရိုက် လယ်ယာခြံမြေ စိုက်ပျိုးရေး (စောနိုင်-အသုံးချဘောဂဗေဒ)၊ ဒီမိုကရေစီနှင့် မဇ္ဈိမပဋိပဒါ အကျင့်မြတ်လမ်း (ဒဂုံသန်းမြင့်)၊ ပုဂံခေတ်နှောင်းမှ မိဖုရားဖွားစော၏ လောကီရေးရာဆုတောင်း (လှမြင့်-ရန်ကုန်တက္ကသိုလ်)၊ ရွာက မြေနီလမ်းကလေး (ဒေါက်တာခင်မောင်ညို) အစရှိသည့် သုတရသဆောင်းပါးများ ဖော်ပြထားသည်။

အဆိုပါ ဂျာနယ်ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ် ၈ ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ အိုအက်စ်စီအီး ဆွေးနွေးဖြေရှင်းမည်

အေသင် ဒီဇင်ဘာ ၅

ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအက်စ်စီအီး)အဖွဲ့ဝင်နိုင်ငံ ၅၆ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် စိန်ခေါ်မှုအသစ်များကို အီးယူ-အတ္တလန္တိတ်နှင့် အာရှ-ဥရောပဒေသ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးမှုမှတစ်ဆင့် ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ရက်က ကတိပြုကြသည်။

သဘောတူညီ

ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအက်စ်စီအီး)၏ (၁၇)ကြိမ်မြောက် ဝန်ကြီးများအဆင့် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ထုတ်ပြန်လိုက်သည့်ကြေညာချက်၌ အဖွဲ့ဝင်နိုင်ငံအားလုံးက ကော်ဖူးလုပ်ငန်းစဉ်ဟုခေါ်သည့် လုပ်ငန်းကို ဆက်လက်ဖော်ဆောင်သွားမည်ဟု သဘောတူညီကြကြောင်း ဖော်ပြသည်။

ပူးပေါင်းညှိနှိုင်း

ကော်ဖူးလုပ်ငန်းစဉ်သည် ဂရိနိုင်ငံ ကော်ဖူးကျွန်းကိုအစွဲပြု၍ ခေါ်ဆိုထားသောလုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်သည် လုံခြုံရေးကိစ္စရပ်များ ကြုံတွေ့လာရသည့်အခါ အချင်းချင်းပူးပေါင်းညှိနှိုင်းကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည့်လုပ်ငန်းစဉ်ဖြစ်သည်ဟု သိရသည်။ (အင်တာနက်)

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ရွက်လှေပြပွဲ ကျင်းပရန်ပြင်ဆင်နေသည်ကို ဒီဇင်ဘာ ၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်ကို ဒီဇင်ဘာ ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ ဗုံးခွဲပစ်ခတ်မှုဖြစ်ပွား လူ ၄၀သေဆုံး၊ ၃၀ကျော်ဒဏ်ရာရ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၅

မြို့တော်အစ္စလမ္မာဘတ်အနီး ပါကစ္စတန်မြို့စောင့်တပ်ချထားရာ ရာဝါပင်ဒီမြို့ရှိ စစ်ဌာနချုပ်အနီးတွင် ဒီဇင်ဘာ ၄ရက်က ဗုံးဖောက်ခွဲမှုနှင့် ပစ်ခတ်မှုများကြောင့် ၄၀သေဆုံးပြီး ၃၀ကျော် ဒဏ်ရာရရှိသွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ရာဝါပင်ဒီမြို့၌ ဗုံးခွဲပစ်ခတ် မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရ အရာရှိချုပ် အာသာအာဘတ်စ်က ပြောကြားသည်။

ယင်းတိုက်ခိုက်သူများသည် ရှေးဦးစွာ လက်ပစ်ဗုံးများနှင့် ပစ်ခတ်ပြီးနောက် ဦးတည်ရာကို သေနတ်ဖြင့်ပစ်ခတ်သွားကြောင်းဖြင့် ဆက်လက်ပြောကြားသည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့အရာရှိများက တုံ့ပြန်ပစ်ခတ်ခဲ့သဖြင့် စစ်သွေးကြွ လေးဦးထက်မနည်း သေဆုံးပြီး သုံးဦးကိုလက်ရဖမ်းဆီးလိုက်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်သူများအနက် အချို့မှာ အသေခံဗုံးဖောက်ခွဲသူများဖြစ်ကြောင်း အာဘတ်စ်က ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန် အလုပ်လက်မဲ့နှုန်း ဆက်လက်မြင့်မားနေဦးမည်ဟုဆို

ဝါရှင်တန် ဒီဇင်ဘာ ၅

အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးတိုးတက်ကောင်းမွန်လာလင့်ကစား အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး၏ အလုပ်လက်မဲ့နှုန်းသည် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ဆက်လက်မြင့်မားနေဦးမည်ဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကေးက သတိပေးပြောကြားသည်။

ညွှန်ပြ

အမေရိကန်ပြည်ထောင်စု၏ ငွေကြေးဈေးကွက်များ တည်ငြိမ်လာပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးသည်လည်း ကျဆင်းနေရာမှ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း စီးပွားရေးအညွှန်းကိန်းများက ညွှန်ပြနေပြီဖြစ်သည်ဟု ဘာနန်ကေးက ဒီဇင်ဘာ ၃ရက်တွင် ပြောကြားသည်။

များပြား

မိမိတို့လုပ်ငန်းများသည် အပြီးသတ်ရန် လိုသေးကြောင်း၊ အမေရိကန်ပြည်သူများသည်လည်း အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ဖြစ်နေကြဦးမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့မျှော်မှန်းထားသည့်အတိုင်း အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး အထိုက်အလျောက် ဆက်လက် တိုးတက်ကောင်းမွန်လာသည့်တိုင်အောင် အမေရိကန် အလုပ်လက်မဲ့နှုန်းသည်လည်း အချိန်ကာလ အတိုင်းအတာတစ်ခုအထိ များပြားနေဦးမည်ဖြစ်ကြောင်းဖြင့် ဘာနန်ကေးက ဆက်လက်ပြောကြားသည်။

အတည်ပြု

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ဒုတိယသက်တမ်းအတွက် အတည်ပြုရေး ကြားနာစစ်ဆေးခံစဉ် မစ္စတာဘာနန်ကေးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

အာဖဂန်ရှိ ကနေဒါတပ်ဖွဲ့ဝင်များ ၂၀၁၁ခုနှစ်တွင် ရုပ်သိမ်းမည်

အော့တဝါ ဒီဇင်ဘာ ၅

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်သို့ ထပ်မံစေလွှတ်မည့် သမ္မတ အိုဘားမား၏ ဆုံးဖြတ်ချက်ကို ကနေဒါနိုင်ငံက ဝမ်းမြောက်စွာကြိုဆိုကြောင်း၊ ကနေဒါတပ်ဖွဲ့ဝင်များကို ပါလီမန်၏ ဆုံးဖြတ်ချက်အတိုင်း ၂၀၁၁ခုနှစ်တွင် အာဖဂန်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး လော့ရင့်စ်ကန်နွန်က ပြောကြားလိုက်သည်။

အာရုံစိုက်လုပ်ဆောင်

အာဖဂန်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံ စေလွှတ်သည့်အတွက် ကနေဒါတပ်ဖွဲ့ဝင်များ အာဖဂန်မှမထွက်ခွာမီ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်မှုနှင့် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားမှုများအပါအဝင် အာဖဂန်နစ္စတန်ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုအာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စက်ရုပ်ပြပွဲကို ဒီဇင်ဘာ ၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ ယိုစိမ့်မှုဖြစ်ပွားပြီးနောက် ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဒီဇင်ဘာ ၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကမ္ဘာ့စီးပွားရေးကျဆင်းချိန် အီရန်ကားထုတ်လုပ်မှုမြင့်တက်

တီဟီရန် ဒီဇင်ဘာ ၅

ကမ္ဘာ့စီးပွားရေးကျဆင်းခြင်းသည် အီရန်နိုင်ငံတွင် မော်တော်ကားရောင်းချမှု ဆက်လက်မြင့်တက်နေခြင်းကြောင့် အီရန်နိုင်ငံကို ပြောင်းပြန်သက်ရောက်မှုရှိနေသည်ဟု အီရန်နိုင်ငံ၏ အကြီးဆုံးမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ(အိုင်ကေစီအို) အကြီးအကဲက ပြောကြားသည်။

ယင်းမော်တော်ကား ကုမ္ပဏီသည် ၂၀၀၉ခုနှစ် မတ် ၂၀ ရက်မှစ၍ နိုဝင်ဘာ ၂၁ရက်အထိ ခရီးသည်တင်ကား အမျိုးမျိုး စီးရေ ၄၀၄၀၀၀ခန့်ကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းထုတ်လုပ်မှုနှုန်းသည် အဆိုပါကုမ္ပဏီ စက်ရုံထုတ်လုပ်မှုတွင် ၁၅ရာခိုင်နှုန်း တိုးလာသည်ကိုပြသနေကြောင်း ကုမ္ပဏီအမှုဆောင် အရာရှိချုပ် ဂျာဗတ်နာ့ဂျ်မီဒင်က ပြောကြားသည်။

အကျပ်အတည်း

မကြာမီက ဖြစ်ပွားခဲ့သော ကမ္ဘာ့စီးပွားရေးကျဆင်းပြီးနောက် စက်မှုနိုင်ငံအများအပြား အကျပ်အတည်းကြုံနေရကြောင်း၊ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများသည် ထုတ်လုပ်မှုကျဆင်းသည်ကို ကြုံတွေ့နေရကြောင်း၊ မော်တော်ကားကုမ္ပဏီအချို့သည် ဒေဝါလီခံရတော့မည့်ကိန်းသို့ ဆိုက်နေကြောင်း ဂျာဗတ်နာ့ဂျ်မီဒင်က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု ကနေဒါနိုင်ငံ၌ လျော့ကျသွားပြီ

အော့တဝါ ဒီဇင်ဘာ ၅

ကနေဒါနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရသူ နည်းလာပြီဖြစ်ပြီး စာသင်ကျောင်းများ၌ ယင်း A(H1N1) ရောဂါဖြစ်သည်ဟု သတင်းပို့သူလည်း လျော့နည်းသွားပြီဖြစ်ရာ တစ်နိုင်ငံလုံး၌ A(H1N1) ရောဂါဖြစ်သူ ဦးရေ နည်းပါးလာပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ဒီဇင်ဘာ ၃ရက်တွင် ပြောကြားသည်။

ပြောကြား

သို့ရာတွင် ကနေဒါနိုင်ငံ၌ အဆိုပါ A(H1N1) တုပ်ကွေးရောဂါပိုးသည် ရောဂါဖြစ်ပွားသည့် အမြင့်ဆုံးအဆင့်ကိုကျော်လွန်ကာ လျော့ကျလာပြီဟုပြောရန် စောနေသေးကြောင်း ကနေဒါနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးအရာရှိချုပ် ဒေါက်တာ ဒေးဗစ်ဘတ္တလာဂျုန်းက အော့တဝါတွင် သတင်းထောက်များအား ပြောကြားသည်။

ခန့်မှန်း

ကနေဒါနိုင်ငံသား သုံးပုံတစ်ပုံသည် A(H1N1) တုပ်ကွေးရောဂါ ခုခံနိုင်စွမ်းရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ကာကွယ်ဆေးထိုးထားခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ဒေါက်တာဒေးဗစ်ဘတ္တလာဂျုန်းက ခန့်မှန်းပြောကြားသည်။ A(H1N1) တုပ်ကွေးရောဂါသည် ရာသီအလိုက်ဖြစ်ပွားသော တုပ်ကွေးရောဂါပိုးထက် လူငယ်များအား ပိုမိုပြင်းထန်စွာ ထိခိုက်စေနိုင်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အင်ဒိုနီးရှား မီဒန်၌ ညပျော်ပွဲစားရုံမီးလောင်၍ လူ ၂၀သေဆုံး

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် မီဒန်မြို့ရှိ ညပျော်ပွဲစားရုံတစ်ခု ဒီဇင်ဘာ ၅ရက်က မီးလောင်မှုဖြစ်ပွားရာ လူ ၂၀ သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

အီဂျစ်မြောက်ပိုင်း၌ ကူးတို့နှစ်စင်းတိုက်မှုဖြစ်ပွား

အီဂျစ်နိုင်ငံမြောက်ပိုင်း နိုင်းမြစ်အတွင်း ဒီဇင်ဘာ ၅ရက် နံနက်က ကူးတို့နှစ်စင်းတိုက်မှုဖြစ်ပွားရာ ခရီးသည် ၅၀ခန့်ပျောက်ဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ကူးတို့တစ်စင်းနစ်မြုပ်နေကြောင်း သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်တောင်ပိုင်းဂျိုလိုမြို့၌ ပုံးပေါက်ကွဲ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဂျိုလိုမြို့ရဲတပ်ဖွဲ့စခန်းအနီးတွင် ဒီဇင်ဘာ ၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှားနိုင်ငံ အူရယ်မြို့၌ ညပျော်ပွဲစားရုံပုံးပေါက်ကွဲ၊ ၁၀၂ ဦးသေဆုံး

ရုရှားနိုင်ငံ အူရယ်မြို့ရှိ ညပျော်ပွဲစားရုံတစ်ခု၌ ဒီဇင်ဘာ ၅ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၁၀၂ ဦးသေဆုံးပြီး ၁၃၁ဦးဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်ကို အမ်အင်န်အေ၊ ဆင်ဟွာက ဖော်ပြသည်။ **(အောက်ပုံ)**

တရုတ်တောင်ပိုင်း၌ ဝန်ချီစက်ပြိုကျ၊ သုံးဦးသေဆုံး

တရုတ်နိုင်ငံ တောင်ပိုင်းကွမ်တုံပြည်နယ် ဒေါင်ဂန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဒီဇင်ဘာ ၅ရက်က ဝန်ချီစက်ပြိုကျမှုကြောင့် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ကွမ်တုံပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ကမ္ဘာတစ်ဝန်း A(H1N1) ဖြင့်သေဆုံးသူ ၈၇၆၈ ဦးရှိ

ကမ္ဘာတစ်ဝန်းတွင် A(H1N1) ရောဂါဖြင့် သေဆုံးသူဦးရေမှာ ဒီဇင်ဘာ ၅ရက်အထိ ၈၇၆၈ဦးရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတင်းထုတ်ပြန်သည်။
(အင်တာနက်)

တောင်ကိုရီးယား အင်ချွမ်းမြို့ကမ်းလွန်တွင် သင်္ဘောနှစ်စင်းတိုက်မိ

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းမြို့ကမ်းလွန်တွင် ဒီဇင်ဘာ ၅ရက်နံနက်က တရုတ် ကုန်သင်္ဘောတစ်စင်းနှင့် တောင်ကိုရီးယားကုန်သင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ တရုတ်သင်္ဘောသားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း တောင်ကိုရီးယားအရာရှိများက သတင်းထုတ်ပြန်သည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ရေလွှမ်း

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ဒီဇင်ဘာ ၅ရက် နံနက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဘရာဇီးနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ကလေးမြို့၌ကျင်းပ

ကလေး ဒီဇင်ဘာ ၅

ကလေးမြို့နယ် ၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ရက် မွန်းလွဲ ၂နာရီက မြို့နယ်နေရှဉ့်ရာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဆွေက ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းတို့က ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မြဝတီ၌ကျင်းပ

မြဝတီ ဒီဇင်ဘာ ၅

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် သောင်ရင်းခန်းမ၌ ဒီဇင်ဘာ၁ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး **(ဝဲပုံ)**ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးခေါင်းဆောင် ဒေါက်တာဇင်လှမောင်က ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၄ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စားပွဲတင်တင်းနစ်မန်နေဂျာများ အစည်းအဝေးနှင့် ပွဲစဉ်များမဲနှိုက်ရေးဆွဲရန် လာအိုနိုင်ငံသို့ ထွက်ခွာသွားသော အဖွဲ့ခေါင်းဆောင်ဦးမြမောင်အား မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။
(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

နံရံကပ်စာစောင်ပြပွဲ ဘဝရှေ့ဆောင် စာကြည့်တိုက်၌ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

သာကေတမြို့နယ် အမှတ်(၅)ရပ်ကွက် ဘဝရှေ့ဆောင် စာကြည့်တိုက်တွင် နံရံကပ်စာစောင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ရက်က ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သာရဝေါစိုးကြည်နှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမောင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ သာရဝေါစိုးကြည်က အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘာသာရပ်ဆိုင်ရာသင်ကြားမှုစွမ်းရည်မြင့်မားရေး မွမ်းမံသင်တန်း မကွေး၌ဖွင့်လှစ်

မကွေး ဒီဇင်ဘာ ၅

အခြေခံပညာအဆင့်အလိုက် အင်္ဂလိပ်စာနှင့်သင်္ချာဘာသာရပ်သင်ကြားမှု စွမ်းရည်မြင့်မားရေး တိုင်းအဆင့် မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၅ရက် နံနက် ၈နာရီက မကွေးတိုင်း မကွေးတက္ကသိုလ်ဘက်စုံခန်းမ (ဘွဲ့နှင်းသဘင်ခန်းမ)၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲမှူးကြီးဘကြည်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအေးကျော်က အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေးသင်တန်း အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပညာ့ဗိမာန်စာကြည့်တိုက် သုံးခွ၌ ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပံနန်းခလဲကျေးရွာ ပြည်သူများ စုပေါင်းဆောက်လုပ်လှူဒါန်းသော ပညာ့ဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသန်းထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူးဦးညွန့်ရွှေက စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမိုးဆောင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် သုံးခွမြို့မှ တရားရုံးချုပ်ရှေ့နေ ဦးဝင်းဗိုလ်-ဒေါ်ကျင်သန်း မိသားစုက ရေဒီယိုတစ်လုံး၊ မြို့နယ်စာကြည့်တိုက် အထောက်အကူပြုကော်မတီဝင် ဒေါက်တာမြင့်သိန်းက ဂျာနယ်အစောင်၂၀၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်း ၃၅အုပ်တို့ကိုလှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးမောက်၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး

မိုးမောက် ဒီဇင်ဘာ ၅

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေသည် နိုဝင်ဘာ ၂၉ရက်က မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ မြို့နယ်ဦးစီးမှူး ဒေါ်လွင်နန်းထွေးနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ လုပ်ငန်းညှိနှိုင်းဆွေးနွေးကြသည်။
(မြို့နယ် ပြန်/ဆက်)

6-12 (05).pmd 1 12/6/2009, 1:39 PM

ဒီဇင်ဘာ လူထုအားကစားလ (ပထမအပတ်) စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌နွှဲ

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၀၉ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့မဈေးစုရပ်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

ရှေးဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၆ နာရီတွင် မြို့မဈေးမှ စတင်တာထွက်၍ နေပြည်တော်ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး ရာဇသင်္ဂဟလမ်းပေါ်ရှိ ကျောက်မျက်ရတနာပြတိုက်ရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ (၁)နှင့် (၂)ကို ဆက်လက်ဆောင်ရွက်ကြသည်။

ပါဝင်ဆင်နွှဲ

စုပေါင်းလမ်းလျှောက်ပွဲသို့ အင်အား ၆၀၀၀ ကျော် ပါဝင်ဆင်နွှဲကြပြီး အားကစားဝန်ကြီးဌာနနှင့် မြတ်တော်ဝင်ဟိုတယ်တို့မှ အစာပြေစားသောက်ဖွယ်နှင့် သောက်ရေသန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ **(သတင်းစဉ်)**

❍ *ရှေ့ဖုံးမှ*

ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးတွဲထုတ်လုပ်ရန် ကျင်းပသည့် ရှင်းလင်းပွဲသို့ တက်ရောက်ရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင် ၁၀၂ ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အဆိုပါရှင်းလင်းပွဲ၌ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ရထားပို့ဆောင်ရေးကဏ္ဍအနေဖြင့် ဖြစ်နိုင်ခြေရှိသော ပြည်နယ်နှင့်တိုင်းအားလုံးသို့ ရထားလမ်းဖောက်လုပ်ပြီး ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်များ စားသုံးသူလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာနှင့် မြန်မြန်ရောက်ရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်ခေါင်း၊ တွဲ၊ စက်ကိရိယာအများအပြားကိုလည်း ပြည်ပမှ ဝယ်ယူတင်သွင်းခြင်း၊ ပြည်တွင်း၌ ကြိုးပမ်းတည်ဆောက်ထုတ်လုပ်ခြင်းတို့ကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သော အရန်ပစ္စည်းများကို မိမိတို့စက်ရုံ၊ အလုပ်ရုံများက ထုတ်လုပ်သကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များထံသို့လည်း လုပ်ငန်းအပ်နှံ ထုတ်လုပ်စေခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်စွမ်းအားစုများကို ဖော်ထုတ်ပြီး လက်တွဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် ရထားပြေးဆွဲရေးလုပ်ငန်းများတွင် အထောက်အကူရရှိခဲ့ရာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ကျေးဇူးတင်ရှိကြောင်း၊ ယနေ့ စက်အစိတ်အပိုင်း ၄၁စမျိုးကို ခင်းကျင်းပြသထားရာ ယခင်ကကဲ့သို့ လက်တွဲထုတ်လုပ်ပေးရန်ဖြစ်ကြောင်း၊ အသစ်ဝယ်ယူရောက်ရှိလာသည့် စက်ခေါင်းများ၏ လျှပ်စစ်အစိတ်အပိုင်း၊ စက်မှုအစိတ်အပိုင်း အရန်ပစ္စည်းများကို ပြည်တွင်းရှိ အရည်အသွေးမီ အသုံးတူပစ္စည်းများဖြင့် အစားထိုးသုံးစွဲရန်ကိုစွက်ကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာ့မီးရထားအထွေထွေမန်နေဂျာ (စက်မှုနှင့်လျှပ်စစ်) ဦးထွန်းဦးနှင့် ဒုတိယအထွေထွေမန်နေဂျာ(လျှပ်စစ်) ဦးဇော်ဝင်းတို့က လုပ်ငန်းရှင်များနှင့် ပူးတွဲထုတ်လုပ်လိုသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ချီးမြှင့်

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက မြန်မာ့မီးရထားအတွက် စေတနာသက်သက်ဖြင့် လေ့လာအကြံပြု ကူညီခဲ့သဖြင့် ထိရောက်စွာ အကျိုးဖြစ်ထွန်းစေခဲ့သော လုပ်ဆောင်မှုအတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အလုပ်အမှုဆောင် ပညာရှင် ဦးမြင့်ဇော်၊ ပညာရှင် ဗိုလ်မှူးကြီးဘဏ်ထွန်းဦး (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) ဦးတင်မောင်ညွှန့်၊ တွဲဖက်ပါမောက္ခ (ငြိမ်း) ဦးညွှန့်ဌေး၊ အထွေထွေမန်နေဂျာ (ငြိမ်း) ဦးတင်မောင်ညွှန့်၊ လုပ်ငန်းရှင် ဒေါက်တာဖေခင်၊ သတ္တုဗေဒအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်အောင်၊ လုပ်ငန်းရှင်များဖြစ်ကြသော ဦးချစ်ထွေးနှင့် ဦးအေးသန်းတို့အား ဂုဏ်ပြုလက်ဆောင်နှင့်ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ရင်းရင်းနှီးနှီး

ထို့နောက်ဝန်ကြီးသည် ရန်ကုန်ဘူတာကြီး ၂၉အဆန်အမြန်ရထား၌ ခရီးသည်များ ပိုမိုအဆင်ပြေစေရေးအတွက် ချိတ်ဆွဲပေးထားသည့် လေအေးပေးစက်ပါရှိသော အထက်တန်းအိပ်ခန်းတွဲများကို ကြည့်ရှုစစ်ဆေးပြီး ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းတို့သည် ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တပ်မတော်(လေ)အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ ယူ- ၂၃ အမျိုးသားအသင်း ပွဲဦးထွက် အိမ်ရှင်လာအိုနှင့် သရေကျ

ဗီယင်ကျန်း ဒီဇင်ဘာ ၅ (ဂျီမေးလ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားယူ-၂၃ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ညနေက ဗီယင်ကျန်းမြို့ Main Stadium တွင် ကျင်းပရာ စင်ကာပူနှင့် အင်ဒိုနီးရှားတို့ နှစ်ဂိုးစီသရေကျခဲ့ပြီး မြန်မာအသင်းနှင့် အိမ်ရှင်လာအိုအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

မြန်မာ ယူ-၂၃အသင်း - တစ်ဂိုး

လာအို ယူ-၂၃အသင်း - တစ်ဂိုး

မြန်မာ ယူ-၂၃ အသင်းမှာ မိနစ် ၆၀ကျော်အထိ တိုက်စစ်မှူး ကျော်သီဟ၏ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ၆၉ မိနစ်တွင် ပေးလိုက်ရသော ချေပဂိုးကြောင့် အိမ်ရှင်လာအိုအသင်းကို အမှတ်ခွဲပေးလိုက်ရသည်။ အိမ်ရှင်လာအိုအသင်းမှာ ယခုပွဲတွင် အိမ်ရှင်ပရိသတ်၏ အားပေးမှုနှင့်အတူ မြန်မာအသင်းဆီမှ အမှတ်ရရှိရန် ကြိုးစားခဲ့ပြီး မြန်မာဂိုးသမား သီဟစည်သူ သေချာပေါက်ဂိုးအချို့ကို ကာကွယ်နိုင်ခဲ့၍ ထင်တိုင်းမပေါက်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာအသင်းမှ ကျော်ဘိုဘို လာအိုနောက်တန်းကို ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

မြန်မာယူ-၂၃အသင်းသည် ပွဲထွက်ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ နောက်ခံလူများအဖြစ် ဟန်ဝင်းအောင်၊ ဝင်းမင်းထွဋ်၊ မိုးဝင်းနှင့် ရွှေလိှုင်ဝင်းတို့ ကစားပြီး ကွင်းလယ်အဖျက်၌ အေးဆန်းနှင့် အသင်းခေါင်းဆောင် ခင်မောင်လွင်တို့ ပါဝင်ကစားခဲ့သည်။ အလယ်တန်း ညာတောင်ပံ၌ ရာဇာဝင်းသိန်း၊ ဘယ်တောင်ပံ၌ ပိုင်စိုး၊ နောက်ချန်တိုက်စစ်မှူးအဖြစ် ထွန်းထွန်းဝင်းတို့ကစားပြီး ကျော်သီဟကို တိုက်စစ်၌ အထောင်ထားကာ ကစားခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန်ကစားနိုင်ခဲ့ပြီး လာအိုအသင်း၏ အလွတ်တည်ကန်ဘောများမှာ မြန်မာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

တိုက်စစ်

မြန်မာအသင်းမှာ ထွန်းထွန်းဝင်း၏ အလယ်ကြောမှ ဘောလုံးအဖြန့်နှင့် တောင်ပံနှစ်ဖက်မှ ရာဇာဝင်းသိန်းနှင့် ပိုင်စိုးတို့၏ ထိုးဖောက်မှုဖြင့် အဓိက တိုက်စစ်ဆင်ခဲ့သည်။ ၄၁မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ကွင်းလယ်စည်းနားမှ ထွန်းထွန်းဝင်း ပေးသောဘောလုံးကို ကျော်သီဟက ဆွဲပြေးပြီး ဂိုးသမားကို လိမ်ကာ ထောင့်ကျဉ်းထဲသို့ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် အိမ်ရှင်လာအိုအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာပြီး သေချာပေါက်ဂိုးသွင်းခွင့်အချို့ကို ဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့သည်။ သို့သော် ၆၉မိနစ်တွင် မြန်မာဂိုးသမားနှင့် နောက်ခံလူ မိုးဝင်းတို့ ကာကွယ်ထားသည့်ကြားမှ လာအိုအသင်းက ချေပဂိုး ပြန်လည်သွင်းယူသွားသည်။ မြန်မာအသင်းမှာ အနိုင်ဂိုးရရှိရန်အတွက် မင်းမင်းသူ၊ ကျော်ဘိုဘိုနှင့် ဇော်ထက်အောင်တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ၈၁မိနစ်တွင် မင်းမင်းသူ၏ အပိုင်ကန်ချက် ဘားတန်းကပ်ကျော်သွားသကဲ့သို့ ဂိုးရနိုင်သည့် အခွင့်အရေးများကို ဖန်တီးပေးရာ၌ အားနည်းချက်များရှိခဲ့၍ မြန်မာအသင်း အနိုင်ဂိုးနှင့် လွဲချော်ခဲ့ရသည်။

မြန်မာအသင်းတွင် ဂိုး-သီဟစည်သူ၊ နောက်တန်း-ဟန်ဝင်းအောင်၊ မိုးဝင်း၊ ဝင်းမင်းထွဋ်၊ ရွှေလိှုင်ဝင်း၊ အလယ်တန်း-အေးဆန်း(မင်းမင်းသူ)၊ ခင်မောင်လွင်၊ ပိုင်စိုး၊ ရာဇာဝင်းသိန်း၊ ထွန်းထွန်းဝင်း(ဇော်ထက်အောင်)၊ ကျော်သီဟ (ကျော်ဘိုဘို)တို့ ပါဝင်ကစားခဲ့ကြသည်။

မြန်မာအသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၇ရက် (တနင်္လာနေ့)တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း) ရေးသားရိုက်ကူးပေးပို့သည်

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

မန်ယူတို့ ဝက်စ်ဟမ်းကို ဂိုးပြတ်သွင်း အောင်ပွဲခံ လီဗာပူးတို့ ဂိုးပေါက်ပျောက်နေဆဲ

လန်ဒန် ဒီဇင်ဘာ ၅

ပရီမီယာလိဂ်ပွဲစဉ် (၁၅) ပွဲစဉ်များကို ဒီဇင်ဘာ ၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံမန်ယူက ဝက်စ်ဟမ်းကို အဝေးကွင်း၌ ဂိုးပြတ်သွင်းယူပြီး ရမှတ်သုံးမှတ် ထိုက်ထိုက်တန်တန် စုဆောင်းနိုင်ခဲ့သည်။

မန်ယူအတွက် ပထမဆုံးဂိုးကို ပထမပိုင်းမပြီးမီ တစ်မိနစ်အလို၌ ပေါစခိုးလ်က သွင်းယူခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆ မိနစ်တွင် ဂစ်ကန်ပေးသောဘောလုံးကို ဂစ်ဆင်က အဝေးမှမနားတမ်းကန်သွင်းလိုက်၍ မန်ယူတို့ ဒုတိယဂိုး ရခဲ့သည်။ မန်ယူတို့ ဂိုးမြူးလာပြီး ၇၁ မိနစ်တွင် ဗလင်စီယာက အနီးကပ်ဂိုး သွင်းယူခဲ့ပြန်သည်။ ယင်းဂိုးသွင်းပြီး ၁ မိနစ်အကြာတွင် ဗလင်စီယာ ညာခြမ်းမှ ထိုးပေးသောဘောလုံးကို ရွန်နေ ပိတ်သွင်းယူခဲ့သည်။ ပွဲအပြီး မန်ယူတို့ လေးဂိုးပြတ် နိုင်ခဲ့သည်။

အာဆင်နယ်နိုင်

အာဆင်နယ်က အိမ်ကွင်း၌ စတုတ်စီးတီးအသင်းကို အနိုင်ကစားပြီး ရမှတ်သုံးမှတ် ရယူနိုင်ခဲ့သည်။ ပွဲစပြီး ၂၆မိနစ်အကြာ အာရှာဗင်က အာဆင်နယ်အတွက် အနီးကပ် ဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အတွက် ဒုတိယဂိုးကို ရမ်ဆေးက ပယ်နယ်တီဧရိယာအစပ်မှ သွင်းယူသွားခဲ့သည်။ ပွဲအပြီး အာဆင်နယ်တို့ နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

မန်ယူအတွက် ဂစ်ဆင် ဒုတိယဂိုးသွင်းယူပြီးနောက် ရွန်နေ၊ ဗလင်စီယာ၊ ဖလက်ချာ၊ ဂစ်တို့နှင့်အတူ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

သရေဖြစ်

ဘလက်ဘန်းက အိမ်ကွင်း၌ လီဗာပူးကို ခပ်ကြမ်းကြမ်းခုခံပိတ်ဆို့ ကစားနေမှုကြောင့် ဘင်နီတက်ဇ်လူများ ဂိုးပေါက်ပျောက်နေသည်။ လီဗာပူးတိုက်စစ်မှူးများ၏ အဝေးကန်ချက်မှာလည်း ပိတ်ဆို့မှုလွဲချော်၍ လည်းကောင်း၊ ဂိုးတိုင်ထိ၍လည်းကောင်း ဂိုးမရဖြစ်ခဲ့ရသည်။ ပွဲအပြီး ဂိုးမရှိ သရေဖြစ်ခဲ့သည်။

ပို့စ်မောက်နိုင်ပြီ

အမှတ်ပေးဇယား အောက်ဆုံးရောက်နေ၍ အခြေမလှဖြစ်နေသော ပို့စ်မောက်တို့ အိမ်ကွင်း၌ ဘန်လေကို နှစ်ဂိုးပြတ်နိုင်လိုက်၍ နည်းပြသစ်ဂရန့် ပြုံးပျော်နိုင်ခဲ့သည်။

အခြားပွဲများ

ကာလင်းဖလား အကြိုဗိုလ်လုပွဲတက်လာသည့် အက်စ်တွန်ဗီလာက အိမ်ကွင်း၌ ဟူးလ်စီးတီးကို သုံးဂိုးပြတ်ခြေစွမ်းပြသွင်းယူပြီး အောင်ပွဲခံခဲ့သည်။ ဘာမင်ဂမ်က ဝီဂန်အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ဘာမင်ဂမ်တို့ ခြောက်ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ဆက်ထိန်းထားနိုင်ခဲ့သည်။ ဂူလ်ဗာဟမ်တန်က အိမ်ကွင်း၌ ဘော်လ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ ။

ကိုးကား - အင်တာနက်

အာကာကျော် - စုစည်းသည်

ရန်ကုန်ဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဆောက်အအုံများ ပြန်လည်ထူထောင်ရန် အရေးပေါ်စီမံကိန်းလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး

ဦးဆောင်ကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရန်ကုန်ဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍများ ပြန်လည်ထူထောင်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်ဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အဆောက်အအုံများ ပြန်လည်ထူထောင်ရေး အရေးပေါ်စီမံကိန်းလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ JICA (မြန်မာသံရုံး) တာဝန်ခံ Mr.Hideo Miyamoto က အမှာစကားပြောကြားပြီး JICA မှ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ခေါင်းဆောင် Mr. Nishimura က နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့သော ရန်ကုန်ဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပြန်လည်ထူထောင်ရန် အရေးပေါ်စီမံကိန်းကို အချိန် ၂၆လခန့် သတ်မှတ်၍ လုပ်ငန်းစဉ်အဆင့်နှစ်ဆင့် ခွဲခြားဆောင်ရွက်ခဲ့ကြောင်း၊ ယခုကိုးလတာကာလအတွင်း အဆင့်(၁) လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ကျန်ရှိသော အချိန် ၁၇လအတွင်း လုပ်ငန်းစဉ် အဆင့်(၂)ဖြစ်သည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ပြေးစီမံကိန်းငယ်များ ဆက်လက်အကောင်အထည်ဖော်ခြင်းနှင့် ဗိုလ်တထောင်ဆိပ်ကမ်း ဆိပ်ခံတံတား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဗိုလ်တထောင်ဆိပ်ကမ်း ဆိပ်ခံတံတား ပြန်လည်တည်ဆောက်ရေး လုပ်ငန်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် JICA (မြန်မာသံရုံး) တာဝန်ခံ Mr. Hideo Miyamoto နှင့် တာဝန်ရှိသူတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

၁၉၈၀-၈၅ခုနှစ် ဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် မန္တလေးမြို့ Oriental House ၌ ကျင်းပမည်ဖြစ်သည်။

ဆေးတက္ကသိုလ် (မန္တလေး)မှ ဆေးတက္ကသိုလ် (၁)နှင့် (၂)တို့သို့ ပြောင်းရွှေ့သွားသူများ အပါအဝင် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့၌ ဒေါက်တာမျိုးလွင် ဖုန်း-၀၉-၅၀-၀၈၉၀၂၊ ဒေါက်တာအောင်သိန်းအေး ဖုန်း-၀၉-၂၀-၁၀၂၄၀၊ ဒေါက်တာခင်လေးမော် ဖုန်း-၀၉-၅၀-၀၀၃၅၆၊ ဒေါက်တာလဲ့လဲ့ဝင်း ဖုန်း-၀၉-၅၀-၄၉၁၇၆၊ ဒေါက်တာကျော်ဝင်း ဖုန်း-၀၉-၅၁-၈၈၉၉၉၊ မန္တလေးမြို့၌ ဒေါက်တာမောင်မောင်ထွေး ဖုန်း-၀၉-၆၉-၇၁၁၂၀၊ ဒေါက်တာမောင်မောင်ခိုင် ဖုန်း-၀၉-၂၀-၀၃၆၉၆၊ ဒေါက်တာခွန်အောင် ဖုန်း-၀၉-၂၀-၀၆၇၀၂၊ ဒေါက်တာနန်းခင်မြ ဖုန်း-၀၉-၅၂-၆၀၂၁၇၊ ဒေါက်တာလဲ့လဲ့ဦး ဖုန်း-၀၉-၂၀-၀၀၃၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ် (၂) ကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၅

*ဆေးတက္ကသိုလ်(၂)၌ ၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ်များတွင် အတူတကွ စတင်ပညာသင်ကြားခဲ့ကြသော (ပထမအမ်ဘီအတန်းများ) ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ **Chatrium Hotel** ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြရန် နှိုးဆော်ထားသည်။*

အလှူငွေများကို ပေးပို့လှူဒါန်းလိုပါက ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-၅၀-၄၁၉၃၄၊ ဒေါက်တာလွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ဒေါက်တာသန်းသန်းစု ဖုန်း-၀၉-၅၁-၁၂၃၁၁၊ ဒေါက်တာမြသန္တာစိန် ဖုန်း-၀၉-၅၁-၀၉၄၅၀၊ ဒေါက်တာနုနုလင်း ဖုန်း-၀၉-၅၁-၀၄၀၄၂၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၃၅၅၇၇၊ ဒေါက်တာ မြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁၈၊ ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ဒေါက်တာမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာခိုင်မာမြင့် ဖုန်း-၀၁-၅၃၅၇၄၄၊ ဒေါက်တာဇော်ဇော်ဦး ဖုန်း-၀၉-၅၀-၂၇၆၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ညီလာခံတက်ရောက်ရန် စင်ကာပူသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၅

စင်ကာပူသမ္မတနိုင်ငံ၌ ဒီဇင်ဘာ ၄ရက်မှ ၅ရက်အထိ ကျင်းပမည့် ASEAN Furniture Industries Council (AFIC) ၏ (၁၉)ကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေးနှင့် ညီလာခံတို့သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး(၁) ဒေါက်တာမျိုးသက်တို့သည် ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဆွေးနွေးမည်

အဆိုပါခရီးစဉ်အတွင်း စင်ကာပူသမ္မတနိုင်ငံရှိ Singapore Timber Association အဖွဲ့နှင့်လည်း နိုင်ငံတကာ သစ်ဈေးကွက်အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ် ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၅

ပြေတီဦးရဲ့ မျှော်စင်ကျွန်းက မွေးနေ့ပွဲအဖြစ်အပျက်၊ ရန်ကုန်မြို့ ပုဂ္ဂလိကအထူးကုဆေးခန်းတစ်ခုတွင် လူနာ မခိုင်ရွှန်းလဲ့ရည် သေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆေးကောင်စီ၏ ဆုံးဖြတ်ချက်၊ ထိုင်း-မြန်မာ နယ်စပ်မှာ ယာယီနိုင်ငံကူးလက်မှတ်လျှောက်သူ လေးလအတွင်း လေးထောင်ကျော်ရှိ၊ ပထမဆုံး မော်တော်ဆိုင်ကယ်ပြပွဲနှင့်ပြိုင်ပွဲ မန္တလေးတွင်လုပ်မည်၊ မင်္ဂလာဒုံ ပုလဲမြို့သစ် မြေဝယ်လိုအားလိုက်လာ၍ ဈေးနှုန်းမြင့်တက်၊ ပါရမီတက္ကစီများ ခရီးသည်များကို ရပ်မပေးတာ ဘာကြောင့်လဲ၊ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသော အချိုရည်အတုများ၊ မန္တလေးတောင်ရေိယာတွင် မည်သည့်အဆောက်အအုံမျှ မဆောက်ရ၊ ဇန်နဝါရီလအတွင်း နေကြတ်မည် လေကြောင်းခရီးစဉ်များသတိ၊ မြန်မာ့ပဲမျိုးစုံ အိန္ဒိယသို့ ၇၀ရာခိုင်နှုန်းတင်ပို့၊ အကြီးအကျယ်လိုအပ်နေတဲ့သဲ၊ နိုင်ငံတကာအသိအမှတ်ပြု ပညာရေးသင်တန်းများ ပြည်တွင်းမှာတိုးချဲ့ဖွင့်လှစ် စတဲ့စီးပွားရေး၊ လူမှုရေးသတင်းများ၊ ဝါရင့်ပြီး ရှေ့မတိုးနိုင်တဲ့ သရုပ်ဆောင်မင်းသူနှင့် ကြောင်ကမ္ဘာ ရှေ့ဆက်မည့်ခရီး၊ စိတ်ကြိုက်ရမှလုပ်ချင်တယ်၊ အနုပညာမှတ်တိုင်စိုက်ချင်တယ်ဆိုတဲ့ လူမင်း၊ ၂၁ရာစု စင်ဒရဲလား ဖြစ်သွားတဲ့ ကိုရီးယားသရုပ်ဆောင် ဟန်ဟိုဂျူး၊ F4 ချစ်သူ လီမင်ဟို၊ ယွန်မီအဖြစ်ကျော်ကြားခဲ့တဲ့ ကင်ဆိုယွန် စတဲ့ ထင်ပေါ်ကျော်ကြား အနုပညာရှင်များ သတင်းများ၊ ဆက်ဒမ်ဟူစိန် ပြန်လာပြီ၊ တင်းမာလာတဲ့ အီရန်နျူပြဿနာ၊ ဟစ်တလာအကြောင်း ရောင်းအားကောင်း၊ အိုဗားမားဘင်လာဒင်ကို ဖမ်းမိဖို့ လက်တစ်ကမ်းလို၊ ဂျူး ၂၈၀၀၀ကို သတ်တဲ့ နာဇီဟောင်းတစ်ဦး ခုံရုံးတင်စတဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ပြည်တွင်းပြည်ပ သတင်းများဖြင့် ယခုအပတ်ထုတ် News Watch (စောင့်ကြည့်ဂျာနယ်) ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၅

ခင်ဦးမြို့၌ မြို့ရေပေးဝေရေး ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက်က ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရေလှောင်ကန်များမှ မြို့ရေပေးဝေရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ချိုချိုနွယ်တို့က ရှင်းလင်းတင်ပြကြသည်။ (၁၈၂)

ကြံခင်း၌ သုခရိပ်မြုံကျေးရွာ စာကြည့်တိုက် ပန္နက်တင်

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ သုခရိပ်မြုံစာကြည့်တိုက် ပန္နက်တင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၉နာရီက သုခရိပ်မြုံ စာကြည့်တိုက် မြေနေရာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းစိုးဦး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်သူဇာနှင့် ဒုရဲအုပ်ဝင်းနိုင်တို့က ပန္နက်စိုက်ထူပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်း-ဟားခါး ကားလမ်းကတ္တရာခင်း၊ ရေထုတ်ပြွန်တည်ဆောက်

ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းသည် ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ဖလမ်း-ဟားခါးကားလမ်းမိုင်တိုင် ၁၀၁မိုင် ၂ဖာလုံနှင့် မိုင်တိုင် ၁၀၂မိုင် ၇ဖာလုံကြား ကတ္တရာလမ်းခင်းမှုနှင့် သံကူကွန်ကရစ် ရေထုတ်ပြွန်အမှတ် ၄/၈၇နှင့် ၅/၉၁ တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။ *(ခရိုင် ပြန်/ဆက်)*

မြင်းမူမြို့နယ်၌ စီမံကိန်းသီးနှံ တာဝန်ပေးအပ်

မြင်းမူမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ခုနှစ် ဆောင်းသီးနှံ တာဝန်ပေးအပ်လွှာကို ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည်။ ***(၀၃၅)***

ဘူးသီးတောင် စည်ပင်သာယာ မြေထိန်းနံရံတည်ဆောက်

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကမ်းနားလမ်းတစ်လျှောက် မြေထိန်းနံရံတည်ဆောက်နေမှုကို နိုဝင်ဘာ ၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ရှင်းလင်းတင်ပြကြသည်။ *(မြို့နယ်စည်ပင်)*

အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲ နွားထိုးကြီး၌ကျင်းပ

ရန်ကုန်မြို့နေ ဦးချစ်ဖေ၊ ဒေါ်စောရင် မိသားစုတို့၏ အကြိမ်(၂၀)မြောက် နွားထိုးကြီးမြို့နယ်အတွင်းရှိ အသက်(၇၅)နှစ်အထက် သက်ကြီးရွယ်အို ဘိုးဘွား ၁၀၀ အား ပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက်က နွားထိုးကြီး အလယ်ကျောင်း သီရိအောင်လှိုင်မွေ့ဗိမာန်၌ ကျင်းပရာ အလှူရှင်များက အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ်တစ်ထောင်၊ လုံချည်တစ်ထည်၊ ဆေးပစ္စည်းနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ ***(၀၉၂)***

အင်းတော်၌ မြေယာရှင်းဆောင်ရွက်

စစ်ကိုင်းတိုင်း အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် သာယာလမ်းနှင့် ကုန်သည်လမ်းထောင့်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ နိုင်ငံခြားမြက်ခင်းနှင့် ပန်းအလှပင်များဖြင့် မြေယာရှင်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြသည်။ *(မြို့နယ်စည်ပင်)*

နောင်မွန်၌ ကျွဲ၊ နွားများကူးစက်ရောဂါကာကွယ်ဆေးထိုးနှံ

ပူတာအိုခရိုင် နောင်မွန်မြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် အောက်တိုဘာ ၁ရက် နံနက် ၁၁နာရီက ကျွဲ၊နွား တိရစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်မှုလုပ်ငန်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇာမဲဖီရမ်ဦးဆောင်၍ ကာကွယ်ဆေးထိုးနှံပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝိုင်းမော်မြို့နယ် တက်နေဦးစာကြည့်တိုက်၌ စာဖတ်ဝိုင်းဖွဲ့

ဝိုင်းမော်မြို့နယ် မခန္တီးကျေးရွာ တက်နေဦးစာကြည့်တိုက်တွင် နိုဝင်ဘာ ၁၈ရက် နံနက် ၁၀ နာရီက စာဖတ်ဝိုင်းကျင်းပရာ နိုဝင်ဘာ ၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ တက္ကသိုလ်မြတ်သူ၏ ပြည်ထောင်စုကိုအသက်ပေးလို့ ဒို့ကာကွယ်မလေ ဒါဒို့ပြည်၊ ဒါဒို့မြေ ဒို့ပိုင်တဲ့မြေဆောင်းပါးကို စာကြည့်တိုက်မှူး ဦးပရာဆပ်က ဖတ်ကြားပြီး သမဝါယမဦးစီးအရာရှိ (ငြိမ်း) ဦးစံအေးနှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဘောမ်ယိန်းတို့က သုံးသပ်ဆွေးနွေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ဆားလင်းကြီး ပြန်/ဆက်ဦးစီးရုံး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ အောက်တိုဘာ ၃၀ ရက် နံနက်က အဆိုပါမြို့နယ်ရုံး စာဖတ်ခန်း၌ စာဖတ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာဖတ်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး စာထောက်(၃) ဦးချိုချိုအောင်က စက်တင်ဘာ ၂၃ ရက် မြန်မာ့အလင်းသတင်းစာပါ ကျော်ရဲမင်း၏ အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာများအဖြစ် အသွင်သစ် အမြင်သစ်နှင့် ရှေ့တန်းကျကျပါဝင် ဆောင်းပါးကို ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

● *ကျောဖုံးမှ*

လှုကြိုက်များ

ရန်ကုန်နှင့် မန္တလေးမြို့ကြီးတို့တွင် မကြာသေးသည့် နှစ်များက ရေဒီယို FM အစီအစဉ်များကို ထုတ်လွှင့်ပေးခဲ့သည်။ ယခုအခါ ပြည်သူများအကြား ရေဒီယို FM အစီအစဉ်ထုတ်လွှင့်မှုမှာ လူကြိုက်များလာသည်။ မြူးကြွသည့် သတင်းတင်ဆက်မှု၊ စတီရီယိုခေတ်ဟောင်းတေး၊ လူငယ်အကြိုက် ခေတ်ပေါ်တေး၊ အားကစားသတင်း အစီအစဉ်၊ မိုးလေဝသနှင့် ကြော်ငြာအစီအစဉ်များစသည်ဖြင့် တစ်မျိုးနှင့် တစ်မျိုး မရိုးနိုင်အောင် တင်ဆက်နိုင်မှုကြောင့် ရေဒီယို FM ထုတ်လွှင့်မှုကို ပို၍ လူကြိုက်များလာကြသည်။

ယခုတစ်ဖန် ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် တစ်နိုင်ငံလုံး Media Cover လွှမ်းခြုံမှုဖြစ်ပေါ်လာစေရေးအတွက် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ သာမက အခြားသောမြို့များ၌လည်း ဒေသအလိုက် ရေဒီယို FM ထုတ်လွှင့်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

သတင်းအဖွဲ့သည် အဆိုပါဒေသအလိုက် ရေဒီယို FM ထုတ်လွှင့်နေမှုများနှင့် စပ်လျဉ်း၍ ဖော်ပြပေးနိုင်ရန် သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ မေးမြန်းခဲ့သည်။

ရှေးဦးစွာ Red Link ကုမ္ပဏီမှ နေပြည်တော် တပ်ကုန်း FM ရုံးခွဲ တာဝန်ခံ ဦးမျိုးဝင်းညွန့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ချယ်ရီ FM က တောင်ကြီးမြို့နဲ့ အနီးဝန်းကျင် မြို့တွေအတွက် FM အစီအစဉ်များ စတင်ထုတ်လွှင့်ပေးနေပါပြီ။"
ဦးမျိုးဝင်းညွန့်
FM ရုံးခွဲတာဝန်ခံ။

"ကျွန်တော်တို့ ကုမ္ပဏီအနေဖြင့် ချယ်ရီ FM ရေဒီယိုအမည်နဲ့ တောင်ကြီးမြို့နှင့် အနီးဝန်းကျင်မြို့တွေအတွက် ရေဒီယို FM အစီအစဉ်များ ထုတ်လွှင့်ပေးနေပါပြီ။ စတင်စမ်းသပ်ထုတ်လွှင့်တဲ့ ကာလကတော့ ၂၀၀၉ခုနှစ် ဩဂုတ် ၁၅ရက်မှ ၃၁ရက်အထိ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှာတော့ ချယ်ရီ FM ရေဒီယိုအစီအစဉ်များ စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ နေ့စဉ်ထုတ်လွှင့်ချိန်ကတော့ နံနက် ၆ နာရီမှ ည ၉နာရီအထိ ဖြစ်ပါတယ်။ ထုတ်လွှင့်တဲ့ အစီအစဉ်တွေကို ရန်ကုန်ရုံးချုပ်က အစီအစဉ်တွေ ပို့ပါတယ်။ နေပြည်တော် အသံလွှင့်ရုံမှာ တည်းဖြတ်ပြီး ဂြိုဟ်တုကို တင်ပေးပါတယ်။ တောင်ကြီးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံမှဖမ်းယူပြီး ထုတ်လွှင့်ပေးလျက် ရှိပါတယ်။ တရားတော်၊ ဓမ္မတေး၊ စတီရီယိုတေး၊ နေ့လယ်ခင်းသတင်း၊ ပြည်တွင်းသတင်း၊ အားကစားနှင့် ဗေဒင်၊ International Songs အစီအစဉ်များ ထုတ်လွှင့်ပေးနေပါတယ်"ဟု ဦးမျိုးဝင်းညွန့်က သတင်းအဖွဲ့အား ရှင်းပြသည်။

ချယ်ရီ FM ထုတ်လွှင့်ရေး အသံလွှင့်စတူဒီယိုခန်းမှ သတင်းကြေညာသူတစ်ဦး သတင်းများ ထုတ်လွှင့်နေစဉ်။ (မြန်မာ့အလင်း)

"ကျွန်တော်တို့ ပတ္တမြား FM ရေဒီယိုက စစ်ကိုင်းမြို့နဲ့ အနီးဝန်းကျင် မြို့တွေအတွက် ရေဒီယို FM အစီအစဉ်များ ထုတ်လွှင့်ပေးနေပါပြီ။"
ဦးအောင်မျိုးကို
ပတ္တမြား FM ထုတ်လွှင့်ရေး
တာဝန်ခံ။

တောင်ကြီးမြို့အပြင် ပင်းတယ၊ ရွှေညောင်၊ အင်းလေးမြို့များလည်း ချယ်ရီ FM ရေဒီယိုအစီအစဉ်ကို ဖမ်းယူနားဆင်နိုင်ပါပြီ။ ဒါ့အပြင် တာချီလိတ်၊ ကျိုင်းတုံ၊ လားရှိုး၊ လောက်ကိုင်နဲ့ ကယားပြည်နယ် လွိုင်ကော်တို့မှ ချယ်ရီ FM ရေဒီယို ပရိသတ်တွေအတွက် ဖမ်းယူနားဆင်နိုင်ဖို့ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်"ဟု ဦးမျိုးဝင်းညွန့်က ဆက်လက်ရှင်းပြသည်။

အဆိုပါ ချယ်ရီ FM ရေဒီယို အစီအစဉ်များကို 89.8 MHz မှ ထုတ်လွှင့်ပေးနေကြောင်း သိရသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ပတ္တမြား FM ရေဒီယိုထုတ်လွှင့်မှုနှင့် စပ်လျဉ်း၍ ထုတ်လွှင့်ရေး တာဝန်ခံ ဦးအောင်မျိုးကိုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ပတ္တမြား FM ရေဒီယိုအစီအစဉ်ကို သိန်းကျော်ကျော် ကုမ္ပဏီက ပြန်ကြားရေးဝန်ကြီးဌာနရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁ရက်က စပြီး စစ်ကိုင်းတိုင်းနဲ့ အနီးတစ်ဝိုက်မြို့တွေကို ထုတ်လွှင့်ပေးနေပါတယ်။ နံနက် ၇ နာရီမှ ည ၉ နာရီအထိ မြန်မာသံစဉ်တေး၊ စတီရီယိုတေး၊ သတင်း၊ မိုးလေဝသ၊ အားကစား၊ ကြော်ငြာစတဲ့ ပြည်သူများ ဗဟုသုတတိုးပွားစေမယ့် အစီအစဉ်သစ်တွေ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ထပ်ပြီးလွှင့်ပေးမယ့် မြို့တွေကတော့ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်နဲ့ နယ်စပ်ဒေသများအထိ တိုးချဲ့ထုတ်လွှင့်ပေးဖို့ စီစဉ်နေပါတယ်" ဟု ဦးအောင်မျိုးကိုက ရှင်းပြသည်။ အဆိုပါ ပတ္တမြား FM ရေဒီယို အစီအစဉ်ကို 88.9 MHz မှ တစ်ဆင့် ဖမ်းယူနားဆင်နိုင်ကြောင်း၊ ယင်းပတ္တမြား FM ရေဒီယို အစီအစဉ်ထုတ်လွှင့်မှုသည် မြင်းခြံ၊ မလှိုင်၊ စစ်ကိုင်း၊ မန္တလေးနှင့် ရွှေဘိုမြို့များအား Media Cover လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

FM ပုဂံ

နောက်ထပ် ထုတ်လွှင့်ပေးမည့် ရေဒီယို FM အစီအစဉ်တစ်ခုမှာ FM ပုဂံဖြစ်သည်။ ယင်း FM ပုဂံ ရေဒီယိုအစီအစဉ်ကို ထူးကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ပြီး မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့အတွက် ရည်ရွယ် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ၄င်းကုမ္ပဏီက FM ပုဂံ ရေဒီယိုထုတ်လွှင့်မှုအတွက် လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အဆိုပါ FM ရေဒီယို အစီအစဉ်များအပြင် မန္တလေး FM၊ ပဉ္စဝတီ FM နှင့် ရွှေ FM တို့ကိုလည်း စတင်ထုတ်လွှင့်နေပြီ ဖြစ်ကြောင်း၊ မန္တလေး FM ကို မန္တလေးနှင့် ရန်ကုန်တိုင်းတို့မှ လည်းကောင်း၊ ပဉ္စဝတီ FM ကို ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ လည်းကောင်း၊ ရွှေ FM ကို ပဲခူးတိုင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ လည်းကောင်း ဖမ်းယူနားဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ FM ရေဒီယိုအစီအစဉ်များ နိုင်ငံတစ်ဝန်း ထုတ်လွှင့်ပေးနိုင်မှုကြောင့် ဒေသနေ ပြည်သူများ သတင်းမီဒီယာခေတ်နှင့်အညီ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး၊ ပညာရေး၊ သီပွဲ၊ အားကစား၊ မိုးလေဝသနှင့် ပြည်တွင်းပြည်ပသတင်းများ အချိန်နှင့် တစ်ပြေးညီ ဖမ်းယူနားဆင်နိုင်ကြတော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချယ်ရီ FM ထုတ်လွှင့်ရေး အသံလွှင့်စတူဒီယိုခန်း၌ စက်မှုပိုင်းဆိုင်ရာ အင်ဂျင်နီယာတစ်ဦး အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်နေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြောက်ပိုင်းစွန်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၅

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

__ဒီဇင်ဘာ ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

__နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ အများအားဖြင့် သာယာမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

❒ *ရှေ့ဖုံးမှ*

ဖွင့်လှစ်

နိုင်ငံတော်၏ စေတနာကို ထင်ဟပ်ပေါ်လွင်စေသည့် ပြယုဂ်တစ်ခုလည်းဖြစ် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ မှတ်တမ်းမော်ကွန်း တစ်ခုလည်းဖြစ်သည့် ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) တံတားကို ၂၀၀၆ခုနှစ် မတ်လ ၂၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ထူးခြားမှု

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)မှာ အရှည် စုစုပေါင်းပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၅ပေ ၈လက်မ၊ လူသွားလမ်း အကျယ်တစ်ဖက်လျှင် သုံးပေစီရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၄၀၀နှင့် အမြင့်ပေ၂၀၊ ခွင့်ပြုယာဉ်အလေးချိန် ၃၆တန် ရှိသည်။ တံတားအမျိုးအစားမှာ ဘေလီကြိုးတံတား သံကူကွန်ကရစ်ဖြစ်သည်။ ထူးခြားမှုမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်း ဦးဆောင်သော မြန်မာအမျိုးသမီးအင်ဂျင်နီယာ ဝန်ထမ်းများက စွမ်းစွမ်းတမံတည်ဆောက်ခဲ့သည့် ဒုတိယမြောက်တံတားလည်း ဖြစ်သည်။

အချိန်တို

တံတားကြီးမတည်ဆောက်မီကဆိုပါက ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ၆၅မိုင်ရှည်သည့် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြကားလမ်းဖြင့် ခရီးသွားခဲ့ရသည်။ တံတားကြီး ဖွင့်လှစ်ပြီးနောက် ၃၂မိုင်သာရှည်သည့် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွား လာနိုင်၍ ယခင်ကားလမ်းထက် ၃၃မိုင် လျော့နည်းပြီး အချိန်တိုအတွင်း သွားလာနိုင်ကြပေပြီ။ ထို့ပြင် မြင်းကဆိပ်မှ မြောင်းမြဘက်သို့ ဇက်ရေယာဉ် ဖြင့်ကူးဖြတ်ရသည့်အခက်အခဲမှ ကင်းဝေးပြီး ဧရာဝတီတိုင်းမြို့တော်ပုသိမ်မှ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်သွက်လက်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၅

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ ၅၊ အမှတ်၄၇ ၌ မခိုင်ရွှန်းလဲ့ရည်ကို မှားယွင်းခွဲစိတ်ကုသခဲ့သည့် ဆရာဝန်ကြီးအား အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဆေးကုသခွင့်လိုင်စင် ငါးနှစ်ရုပ်စဲ၊ သဃ်န်းကျွန်း မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက်ခဲ့သူများအား တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချ၊ တရုတ်ပြည်ကို ဖြတ်လာသည့် စက်ဘီးစီးဂျာမန်ခရီးသည်များ မြန်မာနိုင်ငံအတွင်း ၁၈ရက်ကြာလည်ပတ်မည်၊ ကူဝိတ်၊ ကာတာနှင့် ဒူဘိုင်းရှိဟိုတယ်များက မြန်မာဟိုတယ်ဝန်ထမ်း ၁၀၀၀နီးပါး လာခေါ်မည်၊ ပန်းလှိုင်မြစ်ရေလမ်းကြောင်း သုံးခွင့်မရှိတော့ စသည့် ပြည်တွင်းရေးရာ သတင်းများ၊ လူထုနှင့်ကြမ်းတစ်ပြေးတည်းဒီမိုကရေစီ အတိတ်က နိုင်ငံရေးအမှားတွေကို တူးဖော်သင်ခန်းစာယူ၊ Myanmar Channel၊ သမိုင်းဝင်အိပ်မက်ခရီးနှင့် တောင်ထိပ်ပေါ်မှာ မေတ္တာအောင်လံစိုက်ထူ Myanmar Discovery၊ ဖုန်းအသုံးပြုသောအခါ သတိပြုစရာ၊ ကိုအောင်ကျော်စန်း (အမေ့သားအသုပ်စုံ)၏ သူ့ဘဝသူ့ဒဿန 'ဆင်းရဲလွန်းလို့ ကျွန်တော့်ကိုဘယ်သူကမှ ဆေးဖော်ကြောဖက် လုပ်ကြတာမဟုတ်ဘူး၊ ဒါကြောင့် မခံချင်စိတ်နဲ့ကြိုးစားခဲ့တာ'၊ တိုးတက်ချင်လျှင် မိဘချင်းမယှဉ်ကြပါနှင့်၊ ရွှေကျီးလည်းသာ ဇည့်ကောင်းလာသကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အီးယူဟာ အရင်ကတည်းက ထိပ်ဆုံးအဆင့်မှာ.... စပိန်ဝန်ကြီးချုပ် ဂျိုဆေးလူးဝစ်ရော့ဒရစ်ဇာပါတီရိုနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ သမ္မတအိုဘားမား၏ အာရှအင်အားချိန်ခွင်လျှာအညှိ ဘယ်တိမ်းလို့ ညာယိမ်းလေမလား၊ အာရှဆန်အကျပ်အတည်း ရင်လေးဖွယ်ရာရှိ၊ ကမ္ဘာကြီးပူနွေးလာမှုက ကျန်းမာရေးချို့ယွင်းခြင်း၊ ကုန်ဈေးနှုန်းများကြီးခြင်းကို ဖြစ်ပေါ်စေဖွယ်ရှိ၊ သမ္မတအိုဘားမား၏ ပုံတူပန်းချီကား လေလံတင်၊ ကလေးမွေးနှုန်းကျဆင်းမှုအပေါ် အရေးယူရန် တောင်ကိုရီးယားပြင်ဆင်၊ စကြဝဠာ၏မူလအစကို သိပ္ပံပညာရှင်များ ဖွေရှာ၊ ဖိလစ်ပိုင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ကြိုးကိုင်ခြယ်လှယ်သူအဖြစ် သံသယရှိသူက အာဏာပိုင်များထံ အညံ့ခံစသည့် နိုင်ငံတကာထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ မြေသားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လမ်းဟောင်းများအား ထပ်ပိုးလွှာခင်းခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်းကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ရက်က အောင်ဇေယျာလမ်းမကြီးနှင့် ရတနာမာရ်အောင်လမ်းမကြီး ကတ္တရာလမ်းသားသုံးပေချဲ့ခြင်းလုပ်ငန်းခွင်သို့ လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးသူဇာလှ ကွင်းဆင်းကြီးကြပ်စဉ်။ (၀၈၆)

အခြေခံပညာ မူလတန်းကျောင်း(ခွဲ)
ပေါက်ခေါင်းမြို့နယ်၌ တိုးမြှင့်ဖွင့်

ပေါက်ခေါင်း ဒီဇင်ဘာ ၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အရာတော်ကျေးရွာအုပ်စု ဖြူဂေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း (ခွဲ) အဆင့်တိုးမြှင့်ဖွင့်ပွဲကို နိုဝင်ဘာ၂၀ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သိန်းညွန့်က အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖြူဂေါင်းအခြေခံပညာမူလတန်းကျောင်း (ခွဲ)ဖွင့်ပွဲကို မင်္ဂလာမုခ်ဦး၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးကို ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ထွေ/အုပ်ဦးစီး)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၁၂-၂၀၀၉ (တနင်္ဂနွေနေ့)

__နံနက်ပိုင်း__

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး၊ မောင်မောင်လတ်)
၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News
၈:၃၅ ၁၀။ Crossroads Cafe (Episode-12) (Turning Points)
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

__နေ့လယ်ပိုင်း__

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၅၂)
၁၂:၃၀ ၅။ Golf Magazine(TV)
၁၂:၄၀ ၆။ မြန်မာရုပ်ရှင် **ကိုကိုနဲ့ပဲနေချင်တယ်** နေအောင်၊ ပြုံးမောင်မောင်၊ ခင်သီတာထွန်း (ဒါရိုက်တာ-ထွန်းမြင့်ထွန်း)
၁၄:၃၀ ၇။ ချင်းပြည်နယ်သို့ ခရီးတစ်ခေါက်
၁၄:၄၀ ၈။ အတီးပြိုင်ပွဲ
၁၄:၅၀ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

__ညပိုင်း__

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၁၅ ၃။ တီးကွက်ညီညာ ညွန့်သံသာ
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရက္ခဗေဒ အထူးပြု) (ရက္ခဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၀ ၈။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
၅:၂၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ

စွန်းဒေသများတွင် မိုးရွာနိုင်

ည်တော် ဒီဇင်ဘာ ၅

အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ တွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဂရီတိုင်းတို့တွင် တိမ်အသင့်တင့်ဖြစ်ထွန်းခဲ့ပြီး တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန် တိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်း ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ စ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီ ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေး ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ က ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ခဲ့သည်။

က်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် န်း ၄၀ ဖြစ်သည်။

င် လှိုင်းအသင့်အတင့်ရှိမည်။

ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသ း မိုးအနည်းငယ်ရွာနိုင်သည်။

တစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်း

စ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

စ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်း

ဖွင့်လှစ်

နာကို ထင်ဟပ်ပေါ်လွင်စေသည့် ပြယုဂ်တစ်ခု ၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု၏ ည်းဖြစ်သည့် ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်) မတ်လ ၂၃ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ထူးခြားမှု

ကဆိပ်)မှာ အရှည် စုစုပေါင်းပေ ၁၂၆၀၊ ယာဉ် ၈လက်မ၊ လူသွားလမ်း အကျယ်တစ်ဖက် တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ ငှ်ပေ၂၀၊ ခွင့်ပြုယာဉ်အလေးချိန် ၃၆တန် ရှိသည်။ ဘောလီကြိုးတံတား သံကူကွန်ကရစ်ဖြစ်သည်။ က်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၅)မှ း ဦးဆောင်သော မြန်မာအမျိုးသမီးအင်ဂျင်နီယာ ဂမ်တည်ဆောက်ခဲ့သည့် ဒုတိယမြောက်တံတား

အချိန်တို

တက်မီကဆိုပါက ပုသိမ်မြို့မှ မြောင်းမြမြို့သို့ ါး-က-အိမ်မဲ-မြောင်းမြကားလမ်းဖြင့် ခရီးသွား ဖွင့်လှစ်ပြီးနောက် ၃၂မိုင်သာရှည်သည့် ပုသိမ်- င်းမြ ကားလမ်းဖြင့် ဆက်သွယ်သွား လာနိုင်၍ င် လျော့နည်းပြီး အချိန်တိုအတွင်း သွားလာနိုင်ကြ မှ မြောင်းမြဘက်သို့ ဇက်ရေယာဉ် ဖြင့်ကူးဖြတ်ရ ပြီး ဧရာဝတီတိုင်းမြို့တော်ပုသိမ်မှ ရန်ကုန်မြို့သို့ ၌ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်သွက်လက် တင်းမှတ်စု ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

---

* ရှေ့ဖုံးမှ

လေ့လာရေး

ပြီးခဲ့သည့် စက်တင်ဘာလ အတွင်းက မိုင်းရယ်မြို့ကလေးသို့ လေ့လာရေးခရီးတစ်ခေါက် ရောက်ဖြစ်ခဲ့ရာ မြူနှင်းတို့ မဝေသေးဘဲ မိုးရေစက်တို့ကသာ ဆီးကြိုခဲ့လေသည်။ လားရှိုးမြို့မှ တန့်ယန်းမြို့သို့ တစ်ညအိပ်ခရီး သွားရောက်ခဲ့ပြီး တန့်ယန်းမြို့မှအပြန်တွင် မိုင်းရယ်မြို့ကို ခရီးတစ်ထောက် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

မိုင်းရယ်မြို့သို့ ရောက်သောအခါ မွန်းလွဲနေချေပြီ။ မိုင်းရယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံနှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းစေ့ငုခွင့်ရခဲ့သည်။

လယ်ယာလုပ်ငန်း

မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်က "မိုင်းရယ်မြို့နယ်ရဲ့ အဓိကလုပ်ငန်းကတော့ လယ်ယာလုပ်ငန်းပါပဲ။

မိုင်းရယ်မြို့တွင်းရှိ ရေကန်နှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒီဒေသမှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲအထွက်နှုန်းကောင်းလို့ မန္တလေးမြို့ကို တိုက်ရိုက် တင်ပို့ရောင်းချကြပါတယ်။ တစ်ဧကကို မြေပဲ ၆၁ တင်း လောက်ထွက်တယ်။ သယ်ယူပို့ဆောင်ရေးအနေနဲ့ကတော့ မော်တော်ယာဉ်လိုင်း သုံးလိုင်းရှိတယ်။

လားရှိုးနဲ့ မိုင်းရယ်ကို မှန်လုံ အမြန်ယာဉ်တွေ နေ့စဉ် ပြေးဆွဲပေးပြီး ယာဉ်စီးခအနေနဲ့ ယာဉ်ကြီး ကျပ် ၁၀၀၀၊ ယာဉ်ငယ် ကျပ် ၂၀၀၀ ယူကြပါတယ်" ဟု ပြောကြားသည်။

တည်ရှိ

မိုင်းရယ်မြို့နယ်သည် လားရှိုး-တန့်ယန်းလမ်းပေါ်တွင် တည်ရှိခြင်း မဟုတ်ဘဲ သီးခြားတည်ရှိနေခြင်း ဖြစ်၍ လားရှိုးဘက်မှလာလျှင် ဟိုယကျေးရွာအလွန်လမ်းဆုံမှ ၃ မိုင်ခန့် သွားမှသာ မိုင်းရယ်မြို့သို့ ရောက်ရှိလေသည်။ မိုင်းရယ်မြို့သည် မြို့ကွက်မကျယ်လှသော်လည်း လူနေအိမ်နှင့်လမ်းများမှာ သန့်ရှင်းသပ်ရပ်ကောင်းမွန်၍ နေချင့်စဖွယ်ပင်ဖြစ်သည်။

မျိုးစပါး

မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်၏ ခေါင်းဆောင်မှုဖြင့် မိုင်းရယ်မြို့မှ ကျေးသီးမြို့ဘက်သို့အထွက် လမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး တင်း ၂၅၀ထွက် ၁၀ဧက စံပြကွက်ကို ကြည့်ရှုလေ့လာ

မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ခေတ်မီကိရိယာများဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးလျက် ရှိသည်။ (သတင်းစဉ်)

ခဲ့ရသည်။ ကားလမ်းဘေးမှ တောင်ခြေအထိ စိမ်းရောင်စိုလယ်ကွင်းပြင် တပြန့်တပြူးကို ကြည့်ရှုရသည်မှာ အားရရွှင်လန်းဖွယ် ကောင်းလေစွ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသည် ဆင်းရွှေလီစပါးမျိုးကို အဓိကစိုက်ပျိုးကြပြီး တစ်ဧကအထွက်နှုန်း ကောင်းမွန်၍ ဒေသဝမ်းစာဖူလုံ ပိုလျှံမှုရှိကြသည်။

ပြည်သူ့ဆေးရုံ

မိုင်းရယ်မြို့နယ် ပြည်သူ့ဆေးရုံကို ဝင်ရောက်လေ့လာဖြစ်ရာ သန့်ရှင်းသပ်ရပ်ပြီး သွားစိုက်ခုံ၊ ဓာတ်မှန်ခန်း၊ သွေးတိတ်စက်၊ ချွဲစုပ်စက်၊ မီးစက်တို့ဖြင့် ပြည့်စုံစွာ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်ကို တွေ့ရသည်။ မြို့ကျက်သရေဆောင် မဟာမုနိစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကိုလည်း ဝင်ရောက်လေ့လာဖြစ်သည်။

မိုင်းရယ်မြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး-ကျေးသီး-လွိုင်လင်လမ်းမကြီးပေါ်တွင် တည်ရှိသည်။ မြောက်ဘက်တွင် လားရှိုးမြို့နယ်၊ အရှေ့ဘက်တွင် တန့်ယန်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်၊ အနောက်ဘက်တွင် သီပေါမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကျယ်ဝန်း

မိုင်းရယ်မြို့နယ်သည် အကျယ်အဝန်းအားဖြင့် အရှေ့နှင့်အနောက် ၄၄ မိုင်ခန့်၊ တောင်နှင့်မြောက် ၄၈မိုင်ခန့် စုစုပေါင်း ၈၃၃ ဒသမ၁၉စတုရန်းမိုင် ကျယ်ဝန်းသည်။ မိုင်းရယ်မြို့နယ်ကို ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာ ၂၄၃ ရွာ၊ ကျေးရွာအုပ်စု ၂၅အုပ်စုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေစုစုပေါင်း ၄၀၀၀၀ကျော် နေထိုင်ကြသည်။

စိုက်ပျိုး

မိုင်းရယ်မြို့နယ်ရှိ မြေဧရိယာ ၅၃၃၂၄၅ဧကအနက် အသားတင် စိုက်ဧက ၇၇၂၀၀၊ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော ၁၉၆၀၉ဧက၊ မြေရိုင်း ၁၃၅၄၂၅ဧက၊ စိုက်ပျိုးခြင်း မပြုနိုင်သောမြေ ၆၁၃၇၁ဧက ဖြစ်သည်။ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံနှင့် ကြံတို့ကိုအဓိက စိုက်ပျိုးပြီး အမယ်သစ်သီးနှံအဖြစ် ကော်ဖီနှင့် လက်ဖက်ကို စိုက်ပျိုးကြသည်။

မိုင်းရယ်မြို့နယ်အတွင်း အင်းအိုင်ကြီးများမရှိဘဲ မြို့ပေါ်တွင်ကန်ငယ်လေးကန်နှင့် အခြားကျေးရွာအုပ်စုများတွင် ကန်ငယ်လေးများ ရှိကြသည်။ တောင်ကုန်းနှင့် မြေပြန့်ရောစပ်လျက်ရှိ၍ သဘာဝတောတောင်ရှုခင်း အလှအပတို့မှာ ကြည့်လေရာရာ မြင်တွေ့နိုင်လေသည်။

မြို့နယ်အတွင်း မြစ်ကြီးများမရှိဘဲ ချောင်းငယ်လေးများသာ ရှိပြီး မြို့နယ်အတွင်း အရှေ့ဘက်မှ အနောက်တောင်ဘက်ယွန်းယွန်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ နမ့်ရယ်ချောင်း၊ နမ့်လောင်းချောင်း၊ နမ္မချောင်း၊ နမ့်ကောင်းချောင်းနှင့် နမ့်ဟချောင်းတို့သည် မြို့နယ်၏ ရေအရင်းအမြစ်များပင်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး

မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် မြို့ရွာချင်းဆက်လမ်းများအဖြစ် မယ်ဟန်-မိုင်းရယ်-ကျေးသီးလမ်း ၄၇မိုင်

"မိုင်းရယ်မြို့နယ်ရဲ့ အဓိကလုပ်ငန်းကလယ်ယာလုပ်ငန်းပါပဲ"
ဦးမြင့်တင် (ဥက္ကဋ္ဌ)
မိုင်းရယ်မြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ဖြောလုံ၊ ဟိုယ-တန့်ယန်လမ်း ၇မိုင် ၄ဖာလုံ၊ ပန်ညု-ဆောင်ကြဲ-မိုင်းရယ်လမ်း ၁၈မိုင်၊ မန်ပုံ - မိုင်းကောင်လမ်း ၂၇မိုင်တို့ကို ဖောက်လုပ်ပေးထားပြီး ဖြစ်သည်။

မိုင်းရယ်မြို့နယ်အတွင်းအခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၁၀ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၃၇ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ကျန်းမာရေး

မိုင်းရယ် မြို့နယ်အတွင်း ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ခွဲကိုးခု၊ အထူးဒေသဆေးခန်း နှစ်ခု၊ သံဃာဆေးရုံ တစ်ရုံတို့ကို ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

လှချင်တိုင်းလှနေ

မိုင်းရယ်မြို့ကလေးမှ ပြန်လည်ထွက်ခွာလာသောအခါ မိုးစဲသွားပြီဖြစ်၍ ကောင်းကင်မှာ ပြန်လည်ကြည်လင်ကာ နေခြည်အလင်းတန်းများ ဖြာကျနေလေသည်။ မိုင်းရယ်မြို့အထွက်ရှိ ရှုမဆုံးသော စိမ်းမြမြစပါးခင်းများ၊ အဝေးဆီက သစ်ပင်များ အုံ့ဆိုင်းနေသော တောင်စွယ်တောင်တန်းကြီးများသည် ဆည်းဆာချိန်တွင်ပန်းရကာ လှချင်တိုင်းလှနေပါတော့သည်။ ။

(သတင်းစဉ်)

မိုးစပါးစံပြကွက်

မိုင်းရယ်မြို့မှ ကျေးသီးမြို့ဘက်သို့အထွက် လမ်းဘေးတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးတစ်ဧက တင်း ၂၅၀ထွက် ၁၀ဧက စံပြကွက်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

အထက(၅)အလုံ ကျောင်းသား ကျောင်းသူဟောင်းများ၏
ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်မြို့ အထက(၅) အလုံကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက် ၆၀ကျော် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ဧကဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ အထက(၅)အလုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ကိုအုန်းစိန် ဖုန်း-၀၉-၈၆-၁၃၃၇၀၊ ကိုမြင့်သိန်း ဖုန်း-၀၉-၅၁-၄၃၉၉၈၊ ကိုဝင်းသူ ဖုန်း-၀၁-၂၁၀၆၉၄၊ ကိုဇော်မြင့် ဖုန်း-၀၉-၅၁-၁၅၀၂၁၊ ကိုကြည်ရွှင် ဖုန်း-၀၉-၅၁-၄၅၉၃၃၊ မလှမျိုးနွယ် ဖုန်း-၀၁-၂၂၆၀၆၃နှင့် မစန်းစန်းမော် (ကြင်စုတူရိယာ) ဖုန်း-၀၁-၂၁၆၂၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ws
)
စဉ်
းတွဲ
း-၅၂)
TV)
ဒ်
င်မောင်၊
မြင့်ထွန်း)

၁၄:၄၀	၈။	အတီးပြိုင်ပွဲ
၁၄:၅၀	၉။	International News
၁၅:၀၀	၁၀။	အစီအစဉ်ပြီး၏။
		ညပိုင်း
၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၁၅	၃။	တီးကွက်ညီညာ ညွှန့်သံသာ
၄:၃၀	၄။	တေးဂီတအစီအစဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၀	၇။	တေးဂီတအစီအစဉ်
၅:၁၀	၈။	**အသက်ကလေးရယ်တဲ့ ရှည်စေလို**
၅:၂၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	**မျက်စိအမြင်ရှင်သန်ရေး မျက်စိကျန်းမာရေး စောင့်ရှောက်ပေး**
၆:၃၀	၁၃။	တစ်မျက်နှာတစ်ကွက်စာ **စပ်ဆေး** မိုးခမ်း၊ ဝွမ်းပုံကြီး၊ အေးသီတာ (ဒါရိုက်တာ-ဒီအေးလွင်)
၆:၄၅	၁၄။	**ပြောင်းလဲနေသော ကမ္ဘာ့ရာသီဥတုအခြေအနေများ** (အပိုင်း-၂)
၇:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ**(အပိုင်း-၂၈)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၆၆)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာ ချစ်သံသာ** (အပိုင်း-၁၈)
	၂၁။	အစီအစဉ်ပြီး၏။

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ပါ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

''အာရောဂျ ပရမာ လာဘာ''ဟူသည့် စကားနှင့်အညီ ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ကြောင်း လူတိုင်း သိရှိကြပြီးဖြစ်သည်။ ဤသို့သော အဖိုးထိုက်တန်၊ အမြတ်ဆုံးဖြစ်သည့် ကျန်းမာခြင်းဟူသောလာဘ်ကို ရယူခံစားနိုင်ရန် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများနှင့်အညီ ကျင့်ကြံဆောင်ရွက်ကြရန် လိုအပ်လှပေသည်။ ယင်းသို့ ကျန်းမာရေးနှင့်ပြည့်စုံစေသည့် အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့် စပ်လျဉ်းပြီး ပါဠိစာပေ၊ ကျမ်းဂန်များ၌

သပ္ပါယဘောဇီ	- မျှတသောအစာကို စားသောက်ခြင်း၊
ပရိဏတဘောဇီ	- ကြေကျက်လွယ်သော အစာအာဟာရကို စားသောက်လေ့ရှိခြင်း၊
သပ္ပါယေပတ္တံဇာနာတိ	- မိမိ၏ ဝမ်းမီးနှင့် သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊
သီလဝါ	- ငါးပါးသီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊
ကလျာဏမိတ္တတာ	- မိမိအကျိုးကို ဆောင်တတ်ကုန်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊
ကာလစာရီ	- အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊
ဗြဟ္မစာရီ	- မမြတ်သော ကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း

စသည့်အချက်များကို ဖော်ပြထားကြောင်း လေ့လာမှတ်သားဖူးပါသည်။

ဖော်ပြပါ အသက်ရှည်ရာအနာမဲ့ကြောင်း နည်းလမ်းကောင်းများတွင်ပါဝင်သည့် ကြေကျက်လွယ်သော အစာအာဟာရကိုသာ စားသောက်ရာ၌ အကျိုးဝင်သော အချက်အနေဖြင့် သဗ္ဗရောဂါနံ၊ အဇိဏ္ဏကံဟု ဆိုရိုးရှိပေရာ ၎င်းစာပိုဒ်၏အဓိပ္ပာယ်မှာ ရောဂါအားလုံး ဖြစ်ပေါ်ရခြင်း၏ ဇာစ်မြစ်သည် အစာမကြေခြင်းက စတင်သည်ဟု အဓိပ္ပာယ်ရရှိပါသည်။ ယင်းသို့ အစာကြေစေရေးအတွက် အစာကို ကြေညက်အောင်ဝါးစားတတ်သည့် အသိရှိရန် လိုအပ်သည့်နည်းတူ အစာကြေစေရေးအတွက် စနစ်တကျ အချိန်မှန်မှန်လမ်းလျှောက်တတ်သည့် အလေ့အကျင့်ကိုလည်း ပြုလုပ်ပေးရန် လိုအပ်ပေသည်။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်အကြောင်းပြုဆက်စပ်လျက်ရှိပေရာ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်လေ့ရှိသူများသည် သာမန်သူများထက် မောပန်းမှု ခံနိုင်ရည်ရှိခြင်း၊ သက်လုံကောင်းမွန်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိသည့်အပြင် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကိုလည်း ကောင်းမွန်စေသည်သာမက နှလုံးကြွက်သားများ သန်မာကာ ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်းရှိပါသည်။

ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သည့် အားကစားနည်း အမျိုးမျိုးရှိသည့်အနက် အားကစားရုံ၊ အားကစားခန်းမများ မလိုဘဲ ကုန်ကျစရိတ် အနည်းဆုံးသော နည်းလမ်းမှာ ''လမ်းလျှောက်ခြင်း'' ပင်ဖြစ်သည်။ လမ်းလျှောက်ခြင်း (စင်္ကြံလျှောက်ခြင်း)နှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးငါးပါးရှိကြောင်း ရှေးစာပေများတွင် ''ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေလျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏စင်္ကြံအကျိုးတည်း''ဟု မှတ်သားလိုက်နာဖွယ်ရာ လင်္ကာဖွဲ့ဆိုထားပါသည်။

လမ်းလျှောက်ရာတွင် မိမိ၏အသက်အရွယ်နှင့် ကျန်းမာရေးပေါ်မူတည်ပြီး အကွာအဝေးသတ်မှတ်၍ လျှောက်သင့်ပေသည်။ လမ်းလျှောက်ရမည့် အကွာအဝေးကို ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ တစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ်၊ ကျန်းမာရေးအရသာလျှင် သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန် လမ်းလျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီလျှင် သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်းမပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှု ရာခိုင်နှုန်း ၃၀ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရှိရပြီး တစ်ပတ်လျှင် သုံးနာရီထက် အချိန်ပိုမို လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ် ၅ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း တွေ့ရှိရပါသည်။

လမ်းလျှောက်ခြင်းဖြင့် သွေးတိုးခြင်းကို ကျဆင်းစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းမှုဖြစ်ပေါ်စေခြင်း၊ အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေခြင်း၊ အညောင်းအညာ အကိုက်အခဲပြေစေခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ အစာကို ကြေလွယ်စေခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးလျင်မြန်စေခြင်း၊ နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်ခြင်း၊ ဝလွန်းသူများအတွက် အသားအရေ စစ်လာနိုင်ပြီး ပိန်သူများအနေဖြင့် ကျန်းမာပြည့်ဖြိုးစေခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြောလေကြောများပွင့်ကာ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျဆင်းစေခြင်း၊ အပန်းပြေစေပြီး ဦးနှောက်ကြည်လင်၍ စိတ်ကို ရွှင်လန်းစေခြင်း၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ခြင်းစသည့် လောကီအကျိုးများသာမက မိမိလျှောက်ရမည့်လမ်းနှင့် မိမိခန္ဓာကိုယ်အနေအထားတို့ကို သတိမူပြီး လျှောက်ရခြင်းကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို ပွားများရာရောက်ခြင်း၊ မိမိလျှောက်လှမ်းသည့် လမ်းတစ်လျှောက်ရှိ ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား ဘေးအန္တရာယ်များ ကင်းစင်စေလိုသော စိတ်စေတနာဖြင့် မေတ္တာဘာဝနာတရားများ ပွားများခြင်းစသည့် လောကီအကျိုးများလည်း ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအကျိတ်အဖု (ဥပမာ- အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ)စသည့်ရောဂါများ ဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင် နာကျင်မှုကို သက်သာစေခြင်း၊ စိတ်ဖိစီးမှုကို လျော့နည်းစေခြင်း၊ စိုးရိမ်သောက ကြောင့်ကြစိတ်များကို လျော့ပါးစေခြင်းစသည်တို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးပညာပေးစာအုပ်များတွင် ရေးသားဖော်ပြချက်များကို လေ့လာဖတ်ရှုရပေသည်။

လမ်းလျှောက်သည့်အခါ ခါးနှင့် ကိုယ်ကို ဖြောင့်မတ်စွာထားရန်၊ ရင်ဘတ်ကို သင့်တင့်လျော်ကန်သည့် အနေအထားဖြင့် မြင့်ထားရန်၊ လက်ချောင်းများ ပူးကပ်ထားပြီး လက်ကိုသွက်လက်စွာ ခပ်မြင့်မြင့်လွှဲပေးရန်၊ တင်းကျပ်စွာ လက်သီးဆုပ်မထားရန်၊ ခြေများကို ရှေ့သို့တည့်မတ်စွာ လှမ်း၍လျှောက်ရန်နှင့် လျှောက်ရာတွင် ဖနောင့်ကို ရှေးဦးစွာချပြီးမှ ခြေဖျားကိုချရန်၊ အသက်ရှူရာတွင် အားပါးတရ ရှူရှိုက်ရန်၊ ရာသီဥတုနှင့် လျော်ကန်ညီညွတ်စေသည့် အဝတ်အစားကို ဝတ်ဆင်ရန်ဖြစ်ပြီး ချမ်းအေးသည့်အချိန်တွင် အအေးဓာတ်ကို ကာကွယ်လုံခြုံစေသည့် အဝတ်ထူထူကို ဝတ်ဆင်ရမည်ဖြစ်သော်လည်း ခန္ဓာကိုယ်ကျပ်တည်းလေးပင်စေသော အဝတ်ကိုဝတ်ဆင်ခြင်းမှ အထူးဂရုပြုရှောင်ကြဉ်ရန် စသည့်အချက်များကို လိုက်နာဆောင်ရွက်သင့်ပါသည်။

ယခု ဟေမန္တဆောင်းရာသီသို့ ဝင်ရောက်စကာလ ချမ်းအေးသည့် ဒီဇင်ဘာလတွင် တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းလှုပ်ရှားမှုများကို အားကစားဝန်ကြီးဌာနက ဦးဆောင်ကျင်းပလျက်ရှိသည်။

သို့ဖြစ်ရာ ဖော်ပြပါအကျိုးကျေးဇူးများစွာရရှိစေသည့် အသက်အရွယ်မရွေး၊ လူကြီး လူငယ်မရွေး၊ လူတန်းစားမရွေး လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည်သာမက ငွေကုန်ကြေးကျစရိတ်စက အသက်သာဆုံး ကျန်းမာရေးလေ့ကျင့်ခန်းလည်းဖြစ်သည့် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းကို စနစ်တကျ မှန်မှန်ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြည့်စုံမှုကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ပြီး လူတစ်ဦးချင်းစီအတွက်သာမက နိုင်ငံတော်အကျိုးစီးပွားအတွက်ကိုပါ ပိုမိုကြီးပမ်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၅

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက် ပန်းစုံ(အထက) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (ပြာသိုလဆန်း ၁၀ရက်) နံနက် ၈နာရီတွင် ပန်းစုံကျောင်းတိုက် ရွှေစေတီမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးရန်မျိုးဝင်း ဖုန်း-၀၆၇-၄၁၁၀၇၃၊ ၄၂၀၆၃၉၊ ဦးတင်ဝင်း (ပျော်ဘွယ်) ဖုန်း-၀၆၄-၄၉၃၅၇ နှင့် ဦးခင်မောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၀-၀၆၅၆၉၊ ၀၁-၅၉၁၀၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးသောက်ပန်း ဂျာနယ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၅

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် အတွဲ (၁၂)၊ အမှတ်(၃၉)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာစောင်တွင် ကာတွန်းသန့်စင်၏ ဘဲဥ၊ ကာတွန်းကျော်ထွဏ်း၏ ပွင့်လင်းရာသီရောက်လာပြီမို့၊ ကာတွန်းကြယ်ကြယ်၏ မောင်ရိုးနှင့် မောင်ဆိုး၊ လွမ်းမောင်(သုဝဏ္ဏ)၏ မြင်းပျံမလေး၊ အကိန်း၏ ဖိုးရွှေယုန်၊ မြေဇာ၏ အပြေးပြိုင်ပွဲနှင့် ကဗျာကဏ္ဍတွင် ဘုန်းရဲနိုင်(ဂန့်ဂေါ)၏ ဒီဇင်ဘာလ၊ အင်္ဂလိပ်စာကဏ္ဍတွင် ဦးဦး၏ လွယ်ကူပြောကြား အင်္ဂလိပ်စကား၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ ကျေးဇူးမဲ့သော မုဆိုးအကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခု ပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ် ၁၈၁ ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းနှင့် အမှတ်(၁၅) တပ်မြေမိုးကောင်းဘုရားလမ်း ၁၅ ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းတို့နှင့် ဖုန်း-၃၇၁၂၄၄၊ ၅၅၈၂၇၃ တို့တွင် ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ လမ်းလျှောက်ပွဲ

- ➢ ၄က်ကလေးတွေ စိုးစီစိုးစီ
ရှေ့နောက်ဝဲယာချီ၊
ကြားရပါပြီ သံချိုညှင်း
မင်္ဂလာနံနက်ခင်း။
- ➢ ငွေမှုန် ငွေနှင်း ဖွေးဖွေးဖုံ
နတ်ရေးပန်းချီပုံ၊
ပန်းလှမျိုးစုံ ပျံ့ထုံမွှေး
မြောက်လေတသွေးသွေး။
- ➢ ဆောင်းလအေးအေး သည်ချိန်ခါ
လမ်းလျှောက်ကြစို့လာ၊
သက်ရှည်ကျန်းမာ ရှည်မျှော်တွေး
ကိုယ်လက်လှုပ်ရှားပေး။
- ➢ ရောဂါကင်းဝေး လန်းဆန်းရွှင်
လေ့ကျင့်မြဲအစဉ်၊
အကောင်းဆုံးပင် လက်စွဲထား၊
လျှောက်ကြတူပျော်ပါး။
- ➢ အားကစားလ ဒီဇင်ဘာ
နှင်းမှုန်ဖျန်းလျက် လန်းဝေဖြာ၊
တက်ကြွညီညာ မြိမ့်မြိမ့်သဲ
စုပေါင်းလမ်းလျှောက်ပွဲ။ ။

သောင်းကိုကို

ပေါက်ခေါင်းမြို့နယ်၌ ကြံအထွက်တိုးရေး ကွင်းဆင်းဆောင်ရွက်

ပေါက်ခေါင်း ဒီဇင်ဘာ ၅

ပေါက်ခေါင်းမြို့နယ်၏ တစ်ဧကကြံအထွက်နှုန်းတိုးစေရန်နှင့် တစ်ဧကတန် ၆၀ ထွက်ရှိရေးအတွက် နိုဝင်ဘာ ၂၅ ရက်က ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ မြို့နယ်ကြံသီးနှံ ဌာနတာဝန်ခံ ဦးကြည်ဆွေ၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးအေးလွင်၊ စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးတင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးရွာအုပ်စု ပေပင်ကုန်းကျေးရွာ ကွင်းအမှတ် ၅၈၁-B၊ ဦးပိုင်အမှတ် N-၄၉၊ တောင်သူ ဦးတင်ဝင်း၏ ကြံအထူးစံပြကွက် ငါးကေစိုက်ခင်းသို့ ကွင်းဆင်းကြည့်ရှုကြသည်။

ဆွေးနွေးပြောကြား

ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က ကြံစိုက်တောင်သူများအား တစ်ဧက ကြံပန်းတိုင်အထွက်နှုန်း တန်၆၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများမှ ကူညီပံ့ပိုးမည့်အခြေအနေ၊ ကြံတောင်သူများက လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

(မြို့နယ် ထွေ/အုပ်ဦးစီး)

IBTC OPEN Golf Championships
ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ Myanmar Golf Tour (2009-2010)၏ ပဉ္စမပွဲစဉ် အဖြစ် IBTC OPEN Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက်က ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)၌ ကျင်းပသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် International Beverages Trading Co.,Ltd., Executive Director ဦးတင့်ဦးက ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးအဖွဲ့ချုပ်)

ပြိုင်ပွဲဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် ရန်ကုန်ဂေါက်ကွင်း အလုပ်အမှုဆောင် ဦးခိုင်စိုးသာ၊ ရန်ကုန်ဂေါက်ကွင်းအလုပ်အမှုဆောင် ဦးရွှေထွန်းလှိုင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်နှင့် International Beverages Trading Co.,Ltd., Executive Director ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီးနောက် ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ နိုင်နိုင်လင်း (Srixon)က ရိုက်ချက် ၆၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ဇော်လတ် (Srixon)က ရိုက်ချက် ၆၉ချက်ဖြင့် ဒုတိယ၊ မြင့်သောင်း (Srixon)က ရိုက်ချက် ၇၀ဖြင့် တတိယလိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက ရိုက်ချက် ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်း (မြန်မာ့လက်ရွေးစင်)က ရိုက်ချက် ၇၁ချက်ဖြင့် ဒုတိယ၊ တင်လင်းကိုက ရိုက်ချက် ၇၃ချက်ဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co.,Ltd.(IBTC)က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် Air Bagan Ltd., KBZ Bank Ltd., Hotel Yangon, KM Golf Centre, HAN Golf Masters Pte., Ltd. Myanmar Thiha Trading Co., Ltd., Bay Of Bengal Resort (BOB), (INAX, T-Home), CEPSA Lubricantes, ACCEL International Co., Ltd. (Canon), Imperial Jade Purified Drinking Water, Lifeline Co., Ltd., GP Watch, နှင့် ရန်ကုန်ဂေါက်ကွင်း (တည်င်းကုန်း)တို့က ထပ်မံပံ့ပိုးကူညီကြသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

■ ကျောဖုံးမှ

ပြင်သစ်နဲ့ ဥရုဂွေးကို အဓိကယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းစလုံးရဲ့ ကစားဟန်ကို ကျွန်တော်သိထားတာမို့ စိုးရိမ်စရာမရှိပါဘူး။ မက္ကဆီကိုအသင်းကိုလည်း လျှော့တွက်လို့တော့ မရတာမို့ ပရိသတ်အားပေးမှုနဲ့အတူ အောင်မြင်မှုရရှိဖို့ အခွင့်အလမ်းတွေ

တောင်အာဖရိကနည်းပြ ပရဲရား။

ရရှိစေမှာဖြစ်တယ်''လို့ ယုံကြည်ပါတယ်။

ပြင်သစ်အသင်းနည်းပြ ရေမွန်ဒိုမီနစ်

''အုပ်စု(က)မှာ ဥရုဂွေးအသင်းကို အလေးထားကစားရမယ်။ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပွဲတုန်းက ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရပြီး အွန်နရီ အထုတ်ခံခဲ့ရတာ မမေ့သေးပါဘူး။ ကျွန်တော်တို့ ကြိုးစားရင်တော့ အုပ်စုကတက်မယ်လို့ မျှော်လင့်ပါတယ်။ ပွဲအစ ရလဒ်ကောင်းဖို့တော့ လိုအပ်တာပေါ့။''

အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာ

''အုပ်စု(ခ)မှာ ကျွန်တော်တို့အသင်း ကံကောင်းတယ်လို့ ဆိုရမယ်။ အုပ်စုစာရင်းတွေ ထွက်လာတော့ ကျွန်တော်တို့အသင်း အုပ်စုချောင်တယ်လို့ ဆိုကြတယ်။ ကျွန်တော်တို့အုပ်စုမှာ

အာဂျင်တီးနားနည်းပြ မာရာဒိုနာ။

ပါတဲ့ နိုင်ဂျီးရီးယားနဲ့ တောင်ကိုရီးယားအသင်းတွေက အခက်အခဲ တွေ့စေနိုင်ပါတယ်။ မက်ဆီနဲ့ တီဗက်ဇ်တို့လို ကစားသမားတွေပါဝင်နေတာမို့ စိုးရိမ်စရာတော့ မရှိပါဘူး။''

အင်္ဂလန်အသင်းနည်းပြ ကာပယ်လို

''ကျွန်တော်တို့အသင်း အုပ်စု(ဂ)မှာ အမေရိကန်နဲ့ အယ်လ်ဂျီးရီးယားအသင်းတွေကို အဓိကရင်ဆိုင်ရမယ်။ အင်္ဂလန်အသင်း အုပ်စုချောင်တယ်ဆိုတဲ့ စကားတွေ မှားတယ်လို့ဆိုရမှာပါ။ အမေရိကန်အသင်း ခြေစွမ်းက ကမ္ဘာ့အဆင့်မီနေပြီ ဖြစ်သလို အယ်လ်ဂျီးရီးယားအသင်းရဲ့ အီဂျစ်ကိုအနိုင်ကစားခဲ့တဲ့ ခြေစွမ်းကလည်း

အီတလီနည်းပြ လစ်ပီ။

အလေးမထားလို့ မရပါဘူး၊ ကျွန်တော်တို့အသင်းကို ကောင်းကောင်း ဒုက္ခပေးနိုင်ပါတယ်။ ဒါပေမယ့် အင်္ဂလန်အသင်းဟာ အုပ်စုက တက်မှာပါ။''

နယ်သာလန်အသင်းနည်းပြ ဘတ်ဗန်မာဗှစ်

''ကျွန်တော်တို့ အုပ်စု(င)မှာတော့ ဒိန်းမတ်၊ ဂျပန်၊ ကင်မရွန်းတို့ အကုန်လုံး ခြေစွမ်းထက်တော့ အုပ်စုမချောင်ပါဘူး။ ဂျပန်အသင်းကို မကြာခင်က ချစ်ကြည်ရေးပွဲ ကစားတော့ သုံးဂိုးပြတ် အနိုင်ရရှိထားပါတယ်။ ပွဲတိုင်း အနိုင်နဲ့ သရေက


ဘရာဇီးနည်းပြ ဒွန်ဂါ။

လွဲပြီး အရှုံးမရှိအောင်ကစားသွားဖို့ ဆုံးဖြတ်ထားပါတယ်။''

အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီ

''ပါရာဂွေးအသင်းကို အဓိကထားယှဉ်ပြိုင်ရမှာပါ။ ကျွန်တော်တို့ အုပ်စု(စ)မှာ နယူးဇီလန်အသင်းကိုလည်း အလေးထား

အင်္ဂလန်နည်းပြ ကာပယ်လို။

ကစားရမယ်။ လူငယ်ခြေတက်တွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းမို့ နယူးဇီလန်ဟာ မမျှော်လင့်ဘဲ အခက်တွေ့စေနိုင်ပါတယ်။ အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ပါတယ်။''

ဘရာဇီးအသင်းနည်းပြ ဒွန်ဂါ

''အိုင်ဗရီကို့စ်နဲ့ ပေါ်တူဂီအသင်းတွေကို ခက်ခက်ခဲခဲ ကျော်ဖြတ်ရမယ်လို့ ထင်တယ်။ နှစ်သင်းစလုံး ခြေစွမ်းတက်လာကြတယ်။ မြောက်ကိုရီးယားအသင်းကိုလည်း အလေးထား ကစားရမှာပါပဲ။ ကာကာနဲ့ ဖာဘီယာနိုတို့ရဲ့ ကစားအားက အဖြေထုတ်ပေးသွားမှာပါ။ ဘရာဇီးဟာ ကမ္ဘာ့ဖလား အုပ်စုက ထွက်ခဲ့ရတဲ့ အစဉ်အလာမရှိပါဘူး''ဟု ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘောလုံးအသင်း နည်းပြများက ပြောကြားသွားပါကြောင်း။ ။

မောင်မောင်မြင့်ဆွေ စုစည်းသည်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုခွဲပြီ အင်္ဂလန်တို့ အုပ်စု(ဂ)၌ ပွဲချောင်ကစားရဖွယ်ရှိ

☆ မြင့်မောင်စိုး စုစည်းရေးသား၍ တိုးလွင်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည် ☆

လန်ဒန် ဒီဇင်ဘာ ၅

အင်္ဂလန်အသင်းသည် တောင်အာဖရိက၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အမေရိကန်၊ အယ်လ်ဂျီးရီးယားနှင့် ဆလိုဗေးနီးယားအသင်းတို့ အုပ်စုတွင် ပါဝင်သည်။


ဥရောပ အကောင်းဆုံးဆုရှင် အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ။

ကာပယ်လို၏လူများသည် ၂၀၁၀ ခုနှစ် ဇွန် ၁၂ရက်တွင် ရူစတင်ဘတ်မြို့၌ အမေရိကန်နှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဇွန် ၁၈ရက်တွင် ကိတ်တောင်းမြို့၌ အယ်လ်ဂျီးရီးယားနှင့် တွေ့မည်ဖြစ်သည်။ ယင်းနောက် အင်္ဂလန်တို့ ဇွန် ၂၃ရက်တွင် ပို့တ်အဲလိဇဘတ်ကွင်း၌ ဆလိုဗေးနီးယားနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ချန်ပီယံ

ကမ္ဘာ့ဖလားချန်ပီယံ ငါးဆုရ ဘရာဇီးက ပေါ်တူဂီ၊ အိုင်ဗရီကို့စ်၊ မြောက်ကိုရီးယားတို့အုပ်စုတွင် ပါဝင်သည်။ လက်ရှိချန်ပီယံ အီတလီအသင်းက ဆလိုဗက်ကီးယား၊ ပါရာဂွေးနှင့် နယူးဇီလန်တို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား ချန်ပီယံ ပြင်သစ်အသင်းသည် အိမ်ရှင် တောင်အာဖရိက၊ မက္ကဆီကို၊ ဥရုဂွေးတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ဥရောပချန်ပီယံ စပိန်အသင်းသည် ချီလီ၊ ဆွစ်ဇာလန်၊ ဟွန်ဒူးရပ်စ်တို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ကမ္ဘာ့ဖလား သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့သည့် ဂျာမနီက ဆားဘီးယား၊ ဂါနာ၊ ဩစတြေးလျတို့နှင့် တစ်အုပ်စုတည်းကျသည်။

ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ နယ်သာလန်က ဂျပန်၊ ကင်မရွန်း၊ ဒိန်းမတ်တို့နှင့် တွေ့မည်ဖြစ်သည်။ ကမ္ဘာ့ဖလား နှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသည့် အာဂျင်တီးနားက ၂၀၀၄ ခုနှစ် ဥရောပချန်ပီယံ ဂရိတို့နှင့် တွေ့ပြီး နိုင်ဂျီးရီးယား၊ တောင်ကိုရီးယားအသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။


အင်္ဂလန်တိုက်စစ်မှူး ရွန်နေ။


အီတလီ အဓိက ကစားသမား ဝါရင့်ဂိုးသမားကြီး ဘတ်ဖွန်း။

ဇွန် ၁၁ရက်မှ ဇူလိုင် ၁၁ရက်အထိ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်သည့် အသင်းအား ဆုကြေးငွေအဖြစ် ပေါင် ၁၈ဒသမ ၆သန်း (အမေရိကန်ဒေါ်လာ ၃၁သန်း) ချီးမြှင့်မည်ဖြစ်ကြောင်း ဖီဖာက ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃ရက်တွင်


ဘရာဇီး အဓိက ကစားသမား ကာကာ။

ကြေညာလိုက်သည်။ ယင်းဆုကြေးငွေမှာ ၂၀၀၆ ကမ္ဘာ့ဖလား ဆုကြေးငွေထက် ၆၁ရာခိုင်နှုန်း တိုးလာသည်။ ရှုံးထွက်အုပ်စု တက်ရောက်နိုင်သော အသင်းများအားလည်း ဆုကြေးငွေ ပေါင်၅ဒသမ ၄သန်း (အမေရိကန်ဒေါ်လာ ၉သန်း) ဆုချီးမြှင့်ပေးမည်ဖြစ်ကြောင်း ဖီဖာက ကြေညာထားသည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်မှု နံပါတ် ၈ အုပ်စုအတွင်း ပါဝင်၍ ဘရာဇီး၊ စပိန်၊ နယ်သာလန်၊ အီတလီ၊ ဂျာမနီ၊ အာဂျင်တီးနားနှင့် တောင်အာဖရိကအသင်းများကို ရှောင်လွှဲနိုင်ခဲ့သည်။ ။ **(အင်တာနက်)**

၂၀၁၀ ကမ္ဘာ့ဖလား အုပ်စုခွဲခြားထားမှု

အုပ်စု(က)
အိမ်ရှင်တောင်အာဖရိက၊ မက္ကဆီကို၊ ဥရုဂွေး၊ ပြင်သစ်

အုပ်စု(ခ)
အာဂျင်တီးနား၊ တောင်ကိုရီးယား၊ နိုင်ဂျီးရီးယား၊ ဂရိ

အုပ်စု(ဂ)
အင်္ဂလန်၊ အမေရိကန်၊ အယ်လ်ဂျီးရီးယား၊ ဆလိုဗေးနီးယား၊

အုပ်စု(ဃ)
ဂျာမနီ၊ ဩစတြေးလျ၊ ဂါနာ၊ ဆားဘီးယား

အုပ်စု(င)
နယ်သာလန်၊ ဂျပန်၊ ကင်မရွန်း၊ ဒိန်းမတ်၊

အုပ်စု(စ)
အီတလီ၊ နယူးဇီလန်၊ ပါရာဂွေး၊ ဆလိုဗက်ကီးယား

အုပ်စု(ဆ)
ဘရာဇီး၊ မြောက်ကိုရီးယား၊ အိုင်ဗရီကို့စ်၊ ပေါ်တူဂီ

အုပ်စု(ဇ)
စပိန်၊ ဟွန်ဒူးရပ်စ်၊ ချီလီ၊ ဆွစ်ဇာလန်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် စုစည်းသည်

မန်ယူကွင်းလယ်ကစားသမား ပေါစခိုးလ် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာဖွယ်ရှိ

မန်ယူအသင်းမှ ဂန္ထဝင်ကွင်းလယ်ကစားသမား ပေါစခိုးလ်သည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

အေစီကွင်းလယ်ကစားသမား ဂတ်တူဆိုအား မန်စီးတီးအသင်းက ခေါ်ယူရန် ကြိုးပမ်းမည်

အေစီမီလန်အသင်းနှင့် စာချုပ်အသစ် ထပ်မံချုပ်ဆိုရန် ငြင်းပယ်ခဲ့သော ကွင်းလယ်ကစားသမား ဂတ်တူဆိုအား မန်စီးတီးအသင်းကခေါ်ယူရန် ကြိုးပမ်းမည်ဟု ဆိုသည်။

ဂျွန်တယ်ရီအား ရောင်းချမည်မဟုတ် ချယ်လ်ဆီးအသင်းနည်းပြအန်ဆယ်လော့တီ ပြောကြား

ဂျွန်တယ်ရီအား ရောင်းမည်မဟုတ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက မန်စီးတီးအသင်းကို တုံ့ပြန်ခဲ့သည်။

တိုက်စစ်မှူးချာမက်စ်အား မရောင်း ဘော်ဒိုးအသင်း ဖွင့်ဟပြောကြား

ပြင်သစ်ကလပ် ဘော်ဒိုးက ၎င်းတို့အနေဖြင့် အာဆင်နယ်က ခေါ်ယူရန် ပစ်မှတ်ထားနေသော ဘော်ဒိုးတိုက်စစ်မှူး မာရိုနီချာမက်စ်အား ရောင်းချမည် မဟုတ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

စပါးအသင်းနည်းပြ ဟယ်ရီရက်နက် ဆွစ်ဇာလန်ဂိုးသမား ဂျာကူပိုဗစ်အား ခေါ်ယူမည်

စပါးအသင်းနည်းပြ ဟယ်ရီရက်နက်သည် ၎င်းတို့၏ နံပါတ်တစ်ဂိုးသမား ဟူရီလိုဂိုမက်စ်အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ဆွစ်ဇာလန်အသင်းမှ ဂိုးသမား ဂျာကူပိုဗစ်အား ထပ်မံခေါ်ယူမည်ဟု ပြောကြားသည်။

ပို့စ်မောက်တိုက်စစ်မှူး နျူးဂျင့်အား ဘန်လေက အငှားစာချုပ် ခေါ်ယူလို

ဘန်လေအသင်းသည် ပို့စ်မောက်အသင်း တိုက်စစ်မှူး ဒေးဗစ်နျူးဂျင့်အား လိုအပ်ပါက အမြဲတမ်းစာချုပ်ခေါ်ယူနိုင်သည့် သဘောတူညီမှုကို အခြေခံသော အငှားစာချုပ်ဖြင့် ခေါ်ယူလိုသည်ဟု ဆိုသည်။

ဗလင်စီယာတိုက်စစ်မှူး ဗီဂျစ်အားခေါ်ယူရေး ဘာမင်ဂမ်အသင်းက ဆက်သွယ်ဆွေးနွေးနေ

ဘာမင်ဂမ်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ဗလင်စီယာ တိုက်စစ်မှူး နီကိုလာဗီဂျစ်အား ခေါ်ယူနိုင်ရန် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

ပေါင်ခြံဒဏ်ရာရ တိုက်စစ်မှူးတောရက်စ် ကမ္ဘာ့ဖလားတွင် ပါဝင်ခွင့်ရရန် အခွင့်အလမ်းနည်း

တိုက်စစ်မှူးတောရက်စ်အနေဖြင့် ပေါင်ခြံဒဏ်ရာ ထပ်ခါတလဲလဲ ပြန်လည်ဖြစ်ပေါ်နေမှုက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် စပိန်လက်ရွေးစင်အသင်း၌ ပါဝင်ကစားနိုင်မည့်အခွင့်အရေး နည်းပါးစေလိမ့်မည်ဟု လီဗာပူးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း မော်ရက်စ်မို တင်းနစ်ကစားခြင်းမှ အနားယူသွားပြီ

၂၀၀၆ခုနှစ်တွင် ဝင်ဘယ်ဒန်နှင့် ဩစတြေးလျ အိုးပင်းချန်ပီယံဖြစ်ခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလက ပါရီအင်ဒိုးအိုးပင်းဆုဖလားရရှိခဲ့ကာ ပြီးခဲ့သည့် စက်တင်ဘာလတွင် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲပြီးကတည်းက တင်းနစ်ကစားခြင်းကို ရပ်နားထားသော ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း မော်ရက်စ်မိုက အသက် ၃၀သို့ ရောက်ရှိနေပြီဖြစ်သည့် ယခုအချိန်မှစတင်ကာ တင်းနစ်ကစားခြင်းမှ အနားယူပြီဖြစ်ကြောင်း ဒီဇင်ဘာ ၃ရက်က ထုတ်ဖော်ကြေညာသည်။

ကမ္ဘာ့လက်ဝှေ့ကျော် ပက်ကွိုင်အော ဖလွိုက်မေဝဲသားနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

ကမ္ဘာ့လက်ဝှေ့သရဖူ ငါးဆုရှင် လက်ဝှေ့အကျော်အမော် မန်နီပက်ကွိုင်အောသည် လာမည့် ၂၀၁၀ခုနှစ် မတ်လ ၁၃ရက်တွင် ရှုံးပွဲမရှိ အမေရိကန် လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံမှ ပွဲစီစဉ်သူက သတင်းထုတ်ပြန်သည်။

မွေးနေ့ဆုမွန်လွှာ

မစုလတ်သဲဖြူ (ချောချော)
B.Sc (Maths:)
Tokoyo University of Social Welfare in Japan

၆-၁၂-၂၀၀၉ရက်တွင်ကျရောက်သော ထူးချွန်ထက်မြက်သည့် သမီးအလိမ္မာလေး၏မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြီးပြည့်စုံပြီး ဘဝတစ်လျှောက်လုံး ချမ်းမြေ့ပျော်ရွှင်စွာ ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေ-

ဖေဖေ - **ဦးမြင့်ဝင်း(လမ်းဆောက်လုပ်ရေးအထူးအဖွဲ့-၄)**
မေမေ - **ဒေါ်စန်းစန်းကြည်**
ကိုကိုကြီး - **သန်းထိုက်သူ**
မောင်မောင်လေး - **ဘုန်းမြင့်ကျော်စွာ**
ညီမလေး - **ယွန်းဝတီကိုကို။**

ဒီဇင်ဘာ သားအဖအတွက် မွေးနေ့ဆုတောင်း

ကိုဇော်သိန်းထူး(ခ)ကိုဇော်ကြီးနှင့် သမီးလေး မမြတ်နိုးခင်(ခ)ပြည့်ပြည့်တို့၏ ဒီဇင်ဘာလတွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် မိသားစုနှင့်အတူ ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ-

ချစ်ဇနီး-မဝင်းဝင်းမြတ်(ခ)မီးငယ်
သမီးလေးမေမေ။

ငွေရတုမင်္ဂလာဆုတောင်း

ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်-ဒေါ်ခင်ဝင်း (ကိုဝိတင် ရတနာရွှေဆိုင်၊ ကျိုက်ထိုမြို့) တို့၏ ၅-၁၂-၂၀၀၉ ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာပွဲအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရွှေရတု၊ စိန်ရတုတိုင် ခိုင်ခိုင်မြဲမြဲ လက်တွဲနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်-

အမှုဆောင်ကော်မတီ
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း၊
ကျိုက်ထိုမြို့။

၁၉၇၉-B.E(Civil) ပုလဲရတု

သူငယ်ချင်းတို့ရေ- ဒီနှစ်ဒီဇင်ဘာလမှာ တို့များရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းဆင်းခဲ့တာ နှစ်(၃၀)ပြည့်ပြီမို့ ပုလဲရတုနှင့်အာစရိယပူဇော်ပွဲလုပ်ရန် ၂၀၀၉ခုနှစ် ဒီဇင်ဘာ၁၂ရက် (စနေနေ့) ညနေ၆နာရီတွင် Panda Hotel အမှတ်၂၀၅၊ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ လမ်းမတော်မြို့နယ်မှာ ပြန်လည် ဆုံစည်းကြဖို့နဲ့ မပျက်မကွက်တက်ရောက်ကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

ဖြစ်မြောက်ရေးအဖွဲ့။



မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အလေးမအားကစား တာဝန်ခံနာယကများ ဒီဇင်ဘာ၃ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း (အလေးမအားကစား လေ့ကျင့်ရေးစခန်း)တွင် မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အောင်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (အလေးမအဖွဲ့ချုပ်)

အခြေခံအိမ်တွင်းမှု၊ စက်ချုပ်၊ ဝါးလက်မှုသင်တန်းနှင့် ကြိမ်လက်မှုသင်တန်းဆင်းပွဲ ရေးမြို့၌ကျင်းပ

ရေး ဒီဇင်ဘာ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် ရေးမြို့နယ် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၃၄)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၄)၊ ဝါးလက်မှုသင်တန်းအမှတ်စဉ် (၈)နှင့် ကြိမ်လက်မှုသင်တန်းအမှတ်စဉ် (၇)ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၈နာရီက ကျင်းပသည်။

အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် ဇနီးဒေါ်နန်းယဉ်မေဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အမှာစကား

ရေးဦးစွာ ဗိုလ်မှူးချုပ်ချိုထွန်းအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများကိုလည်းကောင်း၊ အခြေခံအိမ်တွင်းမှု ပထမနှင့် ဒုတိယဆုကို ဒေါ်နန်းယဉ်မေဝင်းက လည်းကောင်း၊ တတိယဆုကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်ကလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။ ထို့နောက် သင်တန်းကျောင်းအုပ် ဒေါ်သင်းသင်းယုက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၅

အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြီး ဂရိတ်ဝေါ ဆေးဝါး ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကပံ့ပိုးကူညီသည့် ၂၀၀၉ခုနှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်အားကစားပြိုင်ပွဲကို နိုဝင်ဘာ၂၅ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ အနော်ရထာလမ်းရှိ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲတွင် ခရိုင်အသင်းလိုက် (ကျား၊မ) ရှစ်သင်း၊ ကျောင်းအသင်းလိုက် ၃၈သင်းနှင့် သက်တန်းအလိုက် တစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲဝင် စုစုပေါင်း ၃၃၂ဦးဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ရက်က အဆိုပါခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ(**အပေါ်ပုံ**)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(ကြက်တောင်အဖွဲ့ချုပ်)

ကင်းတပ်စံပြကျေးရွာ မော်လိုက်မြို့နယ်၌ဖွင့်

မော်လိုက် ဒီဇင်ဘာ ၅

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ကင်းတပ်စံပြကျေးရွာမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ကင်းတပ်စံပြကျေးရွာဥက္ကဋ္ဌ ဦးဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ကင်းတပ်စံပြကျေးရွာအထကခွဲ တိုးချဲ့ဆောက်လုပ်ရေးအတွက် ငွေကျပ်တစ်သိန်း၊ ကျောင်းသုံးဗလာစာအုပ် ခြောက်ဒါဇင်၊ အားကစားပစ္စည်းများနှင့် မြို့နယ်ဥက္ကဋ္ဌက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များစံ(၅)ချက်နှင့်ညီညွတ်ရေး ခရမ်းမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းသည် ခရမ်းမြို့နယ်ရုံးတွင် နိုဝင်ဘာ ၂၆ ရက်က ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(အပေါ်ပုံ)**

ခရိုင်ဦးစီးအရာရှိသည် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဝန်ထမ်းများအား ဆွေးနွေးမှာကြားပြီး မြို့နယ်ဦးစီးမှူးဒေါ်တင်တင်ထွေးက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

အလက(၂)ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကင်း အလက(၂)တွင် ၁၉၆၇မှ ၁၉၈၀ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသောအသက်(၆၀)နှင့်အထက်ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဗိုလ်မှူးမြသန်းစံ (ငြိမ်း) ဖုန်း-၅၈၄၇၃၈၊ ဒုတိယရဲမှူး ဇော်မင်း (မြို့နယ်ရဲတပ်ဖွဲ့မှူး) ဖုန်း-၀၉-၈၆၁၇၉၇၄၊ ဦးအေးကို (ရွှေညောင်ပင်ပန်းချီ) ဖုန်း-၅၄၃၀၃၀၊ ၇၀၁၅၈၅၊ ဦးဝင်းနိုင် (ဂျပန်ကားပစ္စည်းအရောင်းဆိုင်)ဖုန်း-၀၉-၅၁၈၈၀၀၇၊ ဦးစိုးမြင့်ဦး ဖုန်း-၀၉-၅၀၁၅၁၈၅၊ ဦးဆန်းထွန်း ဖုန်း-၅၆၆၆၁၂၊ ဒေါ်နီနီ ဖုန်း-၄၀၀၄၆၁၊ ဒေါ်ရီရီသန်း ဖုန်း-၅၇၂၅၄၆၊ ဒေါ်ခင်မမလေး ဖုန်း-၀၉-၅၁၂၉၄၉၇၊ ၅၆၂၁၇၄နှင့် ဒေါ်မြင့်မြင့်စိုးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၇၀)**

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှကြီးမှူး၍ (၄၅)နှစ်မြောက် စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့နှင့် နီလာရတုအထိမ်းအမှတ် (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အခန်း(၁၀)၌ ကျင်းပမည်ဖြစ်သည်။ အသက်(၆၀)ပြည့်ပြီးသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပညာသင်ယူဆဲ ကျောင်းသားကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးသင်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၀၆၅၊ ဦးမြမောင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၅၅၆၃၉၆၊ဗိုလ်မှူးတင့်လွင်ဖုန်း-၀၉-၅၀၀၆၇၇၆၊ ဦးလှငြိမ်း ဖုန်း-၅၃၄၄၀၄၊ဦးခိုင်ဝင်း ဖုန်း-၃၈၃၈၃၅၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ဦးမင်းသန်းဌေး ဖုန်း-၅၃၄၅၄၉၊ ဒေါ်နန့်မေစန်း ဖုန်း-၃၇၇၂၉၀၊ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၂၂၁၃၀၂နှင့် ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၇၀၆၉၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တံတားတည်ဆောက်

တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ အောက်တိုဘာ ၁ ရက်က လောင်းလုံးမြို့နယ်တွင် ကျေးလက်တံတားလုပ်ငန်းဖြစ်သော ပညစ်လမ်းပေါ်ရှိ အုတ်ခုံခံ သစ်သားတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးမြို့နေ ဒေါက်တာနိုင်ဝင်း-ဒေါက်တာခင်လှဝင်း(နိုင်ဆေးကုခန်း)
တို့၏ သားကြီး
ရန်ကုန်မြို့နေ ပါမောက္ခဒေါက်တာမျိုးဝင်း(ပါမောက္ခ၊ ဌာနမှူး၊ ဇီဝဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)-
ဒေါ်မီမီထွန်းတို့၏ တူသား

ဒေါက်တာအောင်မြတ်ရှိန်

B.D.S(Ygn)

နှင့်

ရန်ကုန်မြို့နေ ဟာဂျီဦးကျော်ဝင်း(OASIS; English Language Teacher)-
ဟာဂျီမဒေါ်ခင်မိမိထွန်း(ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ ဆေးတက္ကသိုလ်-၁)
တို့၏ သမီးထွေး

ဒေါက်တာထွန်းသီရိကျော်ဝင်း

B.D.S(Ygn)

တို့၏ ၅-၁၂-၂၀၀၉ရက် (စနေနေ့)တွင် Traders Hotel(Myanmar Ballroom)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဦးမျိုးဝင်းနှင့် ဇနီးဒေါ်ချိုချိုဝင်း တို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မထွန်းစန္ဒီကျော်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာစိန်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာထက်စုခိုင်အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော Daniel Yam(S'pore)၊ Forever ၊ ဒီဇိုင်နာကောင်းမြတ်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော နီနီပွင့်(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော သံဂီရွှေရည် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာတေးသံသာ များဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများ ပုံနှိပ်ပေးသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ လိုအပ်သည်များကို ကူညီပေးပါသော Traders Hotel မှ မစူးနှင့်ဝန်ထမ်း များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိ ပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာအောင်မြတ်ရှိန်-ဒေါက်တာထွန်းသီရိကျော်ဝင်း။

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးကျော်ဆန်းဦး (E.C မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်း)-
ဒေါ်စန်းစန်းမြတ်(ရန်ကုန်တိုင်း၊ အမျိုးသမီးရေးရာပညာရေး) တို့၏သား

မောင်ဇော်ကိုကို(ခ)ထွန်းထွန်း B.Sc (Zoology)

(စန်းစန်းဦး ဆန်၊ ဆီရောင်းဝယ်ရေး) နှင့်

လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၅)၊ ရွှေဝါလမ်း၊ အမှတ်(၅၄၈)နေ
ဦးမောင်မောင်စန်း-ဒေါ်မြမြရီ (မိုးစံပွဲရုံ-ဘုရင့်နောင်) တို့၏သမီးကြီး

မရွှေဇင်ထွန်း B.A (Business Management)

တို့၏ ၂၉-၁၁-၂၀၀၉ရက်တွင် Inya Lake Hotel ၌ ကျင်းပပြီးစီးခဲ့သော လက်ထပ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော သီဟသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ စီမံထူးချွန်(ပထမဆင့်) လူမှုထူးချွန် (ပထမဆင့်) ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှင့်ဇနီး ဒေါ်မြင့်မြင့်သန်း (ဒါရိုက်တာ) ရွှေနဂါးမင်း (Group of Company) နှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးခင်မောင်ဦး(ငြိမ်း) (နိုင်ငံခြားရေး ဝန်ကြီးဌာန)နှင့်ဇနီး ဒေါ်မြတ်မြတ်ထွေး၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော (မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း)ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် (E.C) (C.E.C) များ၊ ဦးခင်မောင်ရီ (ဒုတိယ ဝန်ကြီး-ငြိမ်း) ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေး ခဲ့သော ဦးဆန်းလင်း (အထွေထွေအတွင်းရေးမှူး) (မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း)နှင့် ဇနီး၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးကြီးကျော်တင့်နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီး မင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများကိုယ်တိုင် တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြသော မိတ်သင်္ဂဟများ၊ ၂၈-၆-၂၀၀၉ရက် Western Park Ruby Restaurant တွင် မင်္ဂလာစေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးအောင်မြင့်ဦး (ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)နှင့်ဇနီး ဒေါ်သိန်းသိန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်း ကြဲပေးသော မဆွေဇင်မိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မသဇင်မိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင် ပေးသော မရွှန်းလဲ့မိုး၊ သတို့သားအရံ မောင်အောင်မင်းလတ်နှင့် သတို့သမီးအရံ မနန်းဇကရီဇော်၊ မင်္ဂလာ အခမ်းအနားတွင် မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Forever Group အားလည်း ကောင်း၊ အလှပန်းနှင့်မင်္ဂလာကားအား မေတ္တာဖြင့် အလှဆင်ပေးပါသော တိုင်းအမျိုးသမီးရေးရာပညာရေးမှ ဒေါ်မြင့်မြင့်သိန်း အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော နိုက်တင်ဂေးတေးဂီတအဖွဲ့အား လည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်တီးရှင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော နဝရတ်နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာပုံနှိပ်ပေးသော ဖိုးသားနှင့်ဒဂုန်ပုံနှိပ်တိုက်၊ မင်္ဂလာညစာစားပွဲတွင် Western Park (1) မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညစာစားပွဲတွင် တေးဂီတဖြင့်ဖျော်ဖြေပေးသော ကိုရွှေတိုးနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေး ကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ကိုကို-မရွှေဇင်ထွန်း။

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးချုပ်တင်ထွန်း(ငြိမ်း)-ဒေါ်နန်းဖောင်းတို့၏သားကြီး

မောင်ချမ်းအေးထွန်း

M.S(Information Technology Management)
University of Maryland, USA နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးရန်အောင်(ငြိမ်း)-ဒေါ်ဖြူဝင်းမော်တို့၏သမီး

မပပထက်

B.A(English)

M.S(Computer&Engineering Management)Assumption University,Thailand.

တို့၏ ၅-၁၂-၂၀၀၉ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ကျင်းပပြီးစီးသော မင်္ဂလာ ညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၉)နှင့်တေဇ(၆)မှ ကျောင်းဆင်းဘက် သူငယ်ချင်းမိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၉-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့) နံနက်ခင်းတွင် Sedona Hotel (Executive Club, Level II) ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး ပေးပါသော ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)နှင့် ဗိုလ်မှူးချုပ်ငွေစိုးတို့အားလည်းကောင်း၊ Sedona Hotel ၌ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာပန်းကြဲပေးသော မနန်းဥမ္မာခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မနန်းပင်းတစ်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာဇေရယ်သန်းထူး၊ သတို့သားအရံ ဒေါက်တာစွမ်းထက်အောင်၊ မောင်ဟိန်းစစ် အောင်၊ သတို့သမီးအရံ ဒေါက်တာအေးသူဇာ၊ ဒေါက်တာခိုင်ဇင်ဝင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ် ရတနာများ ဆင်မြန်းပေးပါသော မဖြူဖြူတင်ဦး (Phyuu Jewellers)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မဇူဇူ (Zu Zu Collection)၊ မိတ်ကပ်ဆံပင်အလှ ဖန်တီးရှင်စိုးစိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော ရွှေကောင်းကင်၊ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော လင်းလင်း၊ မင်္ဂလာဖိတ်စာများကို ပုံနှိပ်ပေးသော Viriya (Thailand) ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာညှော်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေး ကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ချမ်းအေးထွန်း-မပပထက်။

မင်္ဂလာဦးဆုတောင်းလွှာ

မောင်ချမ်းအေးထွန်းနှင့် မပပထက်တို့၏ မင်္ဂလာဦး ရက်မြတ်မှသည် ရာသက်ပန် ဘဝတစ်လျှောက်လုံး အောင်မြင်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အတူလျှောက်လှမ်းနိုင်ပါစေ-

ဦးသန်းဌေးနှင့်ဒေါ်နွယ်နီ မိသားစု။

ဥတုရာသီ
တောကိုမှီ၏

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ Califonia ပြည်နယ်၊ EL Monte မြို့နေ
ဦးလှမြင့်-ဒေါ်စန်းစန်းသိန်း
တို့၏
တစ်ဦးတည်းသောသား

မောင်ဇော်လင်းမြင့်

B.Sc in Computer Information System, Cal Poly Pomona
(IT Specialist, Sauder Global Souncing)

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပထမသီရိရိပ်သာ၊ အမှတ်၁၆၂စီနေ
ဦးတင့်အောင်(ဂဠုန်မင်းဆေးလိပ်ရုံ၊ မော်လမြိုင်ကျွန်းမြို့)-ဒေါက်တာဒေါ်ညွန့်ညွန့်သိန်း
တို့၏ သမီး

မအိန္ဒြာတင့်

B.Sc in Bioengineering,Asu, Pharm D. Candidate , Osu

တို့သည် ၃-၁၂-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပြီဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လင်းမြင့်-မအိန္ဒြာတင့်။

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင် အရှေ့ရပ်ကွက် အမှတ်(၅) ဗဟိုလမ်းရှိ **Star Car Service Centre** တွင် ဒီဇင်ဘာ၄ရက်က ကျင်းပသော အခြေခံမီးသတ်သင်တန်း ဆင်းပွဲ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့် သင်တန်းဆင်း အမှာစကားပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ကိုယ်စားပြု ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ အခြေခံကျန်းမာရေးဝန်ထမ်းဆု (အရှေ့ပိုင်းခရိုင်) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဆုနှင့် ခရိုင်အဆင့်ကြက်ခြေနီတပ်ဖွဲ့ ဆုရသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ၂ရက် နံနက် ၉နာရီက သာကေတမြို့နယ် အထက (၁)ကျောင်း မြဝတီခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်မြတ်ထွေး တက်ရောက်ချီးမြှင့်၍ အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲ၊ပန်းချီပြိုင်ပွဲနှင့်ကာတွန်းပြိုင်ပွဲများတွင် ခရိုင်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသူကျောင်းသားများအား ဆုများချီးမြှင့်သည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် ကြက်ခြေနီဆုရ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်သည်။

ထို့နောက် ခရိုင်အဆင့် အခြေခံကျန်းမာရေးဝန်ထမ်း ဆုရသူများအား ရန်ကုန်တိုင်း ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန္ဒာက လည်းကောင်း၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သောင်းမြက ခရိုင်အဆင့်ဆုရသော မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များအား ဆုများ ချီးမြှင့်သည်။ (၁၂၁)

အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

ရန်ကုန် စက်မှုတက္ကသိုလ် ၁၉၆၄-၁၉၆၅ခုနှစ်များမှ ပထမနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ရွှေရတုအကြို (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၉ရက်က လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခန်းမ၌ ကျင်းပရာ ကျောင်းသားဟောင်း ဦးခင်မောင်လေးက ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသားဟောင်း ဦးပြည်စိုးက ကန်တော့ကြီးကို တိုင်ပေးပြီး ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းရွတ်ဆိုကာ အပူဇော်ခံဆရာ ဆရာမကြီး ၆၅ဦးတို့အား ဂါရဝပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပူဇော်ကန်တော့ကြသည်။ (၁၃၅)

ဓာတ်ငွေ့မော်တာအင်ဂျင်ကို တီထွင်ခဲ့သူ နီကိုလပ်အော်တို

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ | ၁၄-၆-၁၈၃၂ - ၂၆-၁-၁၈၉၁ | တိုး-ရေးသားသည်

လက်တွေ့အသုံးဝင်သော ဓာတ်ငွေ့မော်တာအင်ဂျင်ကို ၁၈၇၆ခုနှစ်တွင် တီထွင်သူ နီကိုလပ်အော်တိုသည် အင်ဂျင်ဒီဇိုင်းလောကတွင် အရေးပါဆုံးသော သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်သူဖြစ်သည်။

အော်တိုဆိုင်ကယ်အင်ဂျင်ဟူ၍ သူ့ကိုဂုဏ်ပြုအမည်ပေးထားသော လေးလုံးထိုးအင်ဂျင်စက်ကို နီကိုလပ်အော်တို တီထွင်ပြီးနောက် ယင်းအင်ဂျင်ကို မော်တော်ဆိုင်ကယ်တွင် တပ်ဆင်ပေးလိုက်သည်။



မွေးဖွား

နီကိုလပ်အော်တိုကို ဂျာမနီနိုင်ငံ ဟိုးဟော်စင်၌ ၁၈၃၂ခုနှစ် ဇွန် ၁၄ ရက်တွင် မွေးဖွားသည်။ သူ၏ပထမဆုံးအလုပ်မှာ လက်ဖက်ရည်၊ ကော်ဖီနှင့် သကြားတို့ကို လှည့်လည်ရောင်းချသည့်အလုပ်ဖြစ်သည်။ ယင်းနောက် မကြာမီပင် ထိုခေတ်က နည်းပညာသစ်များကို သူစိတ်ဝင်စားပြီး စူးစမ်းလေ့လာရာမှ လေးလုံးထိုးအင်ဂျင်တီထွင်နိုင်ခြင်းဖြစ်သည်။

အောင်မြင်စွာတီထွင်

သကြားစက်ရုံပိုင်ရှင် ယူဂျင်းလန်ဂင်နှင့်အတူ ၁၈၆၄ခုနှစ်တွင် ကမ္ဘာ့ပထမဆုံး အင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီ အင်န်အေအော်တိုနှင့်စီကို ထူထောင်သည်။ ၁၈၆၇ခုနှစ် ပါရီကမ္ဘာ့ပြပွဲတွင် သူတို့နှစ်ဦး ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ၁၈၇၆ခုနှစ် မေလတွင် နီကိုလပ်အော်တိုက လေးလုံးထိုးအင်ဂျင်ကို အောင်မြင်စွာတီထွင်သည်။

ကွယ်လွန်ခဲ့

နီကိုလပ်အော်တိုသည် ၁၈၉၁ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် အသက် ၅၉နှစ်အရွယ်၌ ကိုလုံးမြို့၌ ကွယ်လွန်ခဲ့သည်။ ။ **(အင်တာနက်)**

နီကိုလပ်အော်တိုသည် အင်ဂျင်ဒီဇိုင်းလောကတွင် အရေးပါဆုံးသော သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်သူဖြစ်။

ဘဝအမောပြေ — ဖြစ်ရမယ် ....

ငွေစာရင်းအရာရှိတစ်ဦးထံသို့ နယ်မှမိတ်ဆွေတစ်ဦးက ဖုန်းဖြင့် အကူအညီတောင်းလေသည်-

မိတ်ဆွေ ။ ။ နေကောင်းလားသူငယ်ချင်း။

အရာရှိ ။ ။ အေး...ကောင်းပါတယ်ကွာ။

မိတ်ဆွေ ။ ။ မင်းမှာအဆင်ပြေရင် ငွေနည်းနည်းလောက် ပို့ပေးပါလား။

အရာရှိ ။ ။ စိတ်ထဲမှာ အမြဲကူညီချင်နေတာပါကွာ။

မိတ်ဆွေ ။ ။ ဒါဆိုရင်...ငါစောင့်နေမယ်နော်။

အရာရှိ ။ ။ ကောင်းပြီလေ...။

ရက်အတန်ကြာသော် မိတ်ဆွေက ဖုန်းဆက်လေသည်။

မိတ်ဆွေ ။ ။ ဘယ်လိုလဲသူငယ်ချင်း... မင်းပို့လိုက်တာ ငွေစာရင်းစာရွက်ပဲပါလာတယ်... ငွေက ဘယ်မှာ သွားထုတ်ရမှာလဲ။

အရာရှိ ။ ။ အေးကွာ...ငါ့စိတ်ထဲမှာ မင်းကိုပေးချင်တဲ့ ငွေစာရင်းခေါင်းစဉ်တွေ ရေးပေးလိုက်တာပါ။ ငွေတော့မပါဘူး၊ ငါ့မှာမရှိလို့ပါ။

မိတ်ဆွေ ။ ။ **'ဟေ'**

ဘဝဒဿန

- *That which you learn from your job may ultimately be more valuable to you than the immediate pay you receive.*
  သင်၏ လုပ်ငန်းခွင်မှ လေ့လာသင်ယူ၍ ရရှိနေသမျှ အတတ်ပညာများသည် သင်လက်ငင်းရနေသော လစာထက် နောင်တွင်ပို၍ တန်ဖိုးရှိလာလိမ့်မည်။
- *A goal is a dream with a deadline.*
  ရည်မှန်းချက်ပန်းတိုင်ဆိုသည်မှာ နောက်ဆုံးကန့်သတ်ချိန်ပါဝင်သည့် အိပ်မက်တစ်ခုသဖွယ်ပင် ဖြစ်သည်။ **(နပိုလီယံဟီးလ်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

အန္တရာယ်လက်တစ်ကမ်း၌ရှိနေသော ကြိုးတံတားများ

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ
ဟန်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအသီးသီးရှိ ကြိုးတံတားများအနက် အန္တရာယ်လက်တစ်ကမ်း၌ရှိနေသော ကြိုးတံတားအချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

အိန္ဒိယနိုင်ငံ ချေရာပွန်ချီရွာအနီး ကြိုးတံတား

အိန္ဒိယနိုင်ငံ ချေရာပွန်ချီရွာအနီးတွင် လွန်ခဲ့သောနှစ် ၅၀၀ခန့်က တည်ဆောက်ထားသည့် ကြိုးတံတားဖြစ်သည်။ သစ်တောအနီး တည်ဆောက်ထားသဖြင့် နှစ်ကြာမြင့်လာသည်နှင့်အမျှ သစ်မြစ်များယှက်သွယ်က ကြိုးတံတားအတိုင်း ရစ်ပတ်ဖြစ်တည်လျက်ရှိသည်။ ယင်းကြိုးတံတားသည် အရှည်ပေ ၁၀၀ခန့်ရှိပြီး လူ ၅၀ခန့် အလေးချိန်ကိုခံနိုင်ရည်ရှိသော ကြိုးတံတားဖြစ်သည်။ မူလကပြုလုပ်ခဲ့သည့် ကြိုးများနေရာတွင် သစ်မြစ်များက နွယ်ပတ်နေသဖြင့် သစ်မြစ်တံတားဟုလည်း အမည်တွင်လျက်ရှိသည်။ ကမ္ဘာ့အန္တရာယ်အများဆုံး ကြိုးတံတားများတွင်ပါဝင်သော်လည်း ယခုတိုင် အသုံးပြုနိုင်ဆဲဖြစ်သည်။(ဝဲပုံ)(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဟူဆေးနီကြိုးတံတား

ပါကစ္စတန်နိုင်ငံ ဘိုရက်ရေအိုင်ကြီးကို ဖြတ်သန်းတည်ဆောက်ထားသော ကြိုးတံတားဖြစ်သည်။ သံမဏိကြိုးများဖြင့် တည်ဆောက်ထားသော်လည်း တံတားကြမ်းခင်းနှင့် ဘေးတစ်ဖက်တစ်ချက်တွင် အကာအရံလုံခြုံမှုမရှိပေ။ တံတားကြမ်းခင်းတွင် ခြေတစ်လှမ်းစာနေရာ၌သာ ခြေနင်းပြားများရှိပြီး အကာအရံမရှိသော ကြိုးတံတားတစ်စင်းလည်းဖြစ်သည်။ မီတာ ၁၅၀ ခန့်ရှည်ပြီး ဟူဆေးနီကြိုးတံတား၏ တစ်ဖက်ကမ်းတွင် ပက်စုတောင်တန်းရှိသဖြင့် ခရီးအနီးဆုံးဖြတ်လမ်းအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ လေတိုက်ခတ်မှုနှုန်း ၁ နာရီ မိုင် ၄၀ နှုန်းရှိပါက ယင်းကြိုးတံတားပေါ်မှ ဖြတ်သန်းရန် မလွယ်ကူချေ။ လက်ရှိ၌အန္တရာယ်များသဖြင့် အသုံးပြုသူနည်းပါးလျက်ရှိသည်။ **(အပေါ်ပုံ) (အင်တာနက်)**

ယန်စီမြစ်ကူး ကြိုးတံတား

တရုတ်နိုင်ငံ ယန်စီမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ကြိုးတံတားဖြစ်သည်။ သံမဏိကြိုးဆိုင်းများဖြင့် တည်ဆောက်ထားသော်လည်း ကြမ်းခင်းများကြံ့ခိုင်မှုမရှိသဖြင့် ဖြတ်သန်းသွားလာသူများအတွက် အန္တရာယ်များသည်။ တံတားအရှည်မီတာ၁၀၀ ခန့်ရှိပြီး ကမ္ဘာပေါ်တွင် အန္တရာယ်များသည့် ကြိုးတံတားတစ်စင်းလည်းဖြစ်သည်။

ယန်စီမြစ်ကူး ကြိုးတံတားသည် အန္တရာယ်များသော်လည်း လက်ရှိအချိန်၌ ခရီးသွားများ ဖြတ်သန်းသွားလာအသုံးပြုနေဆဲ ကြိုးတံတားဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**



နိုဝင်ဘာ ၉ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြဆောင်ရွက်မှုအခြေအနေကို မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ငွေ၊ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးအောင်ကျော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်

ဟိုပင် နိုဝင်ဘာ ၂၅

ကချင်ပြည်နယ် ဟိုပင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း (၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ရက် နံနက် ၈နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ တပ်နယ်မှူးက သြဝါဒစကားပြောကြားပြီး ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းမှူး ရဲအုပ်ဝင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းတာဝန်ခံ ဟိုပင်မြို့ မီးသတ်တပ်ခွဲမှူး ဦးမျိုးမြင့်က သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် ဘူးသီးတောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှတ်(၄)ရပ်ကွက် တိုးချဲ့(၁)လမ်း တံတား တည်ဆောက်မှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

တာမွေမြို့နယ်တွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ရက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက အထက(၁)တာမွေ ပင်လုံခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါ်ဝေဆင့်ကျော်၊ အဆိုတော် ရုပ်ရှင်သရုပ်ဆောင် ရတနာမိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းအေးတို့က အသိပညာပေးဟောပြောကြသည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပြောကြား

ဆက်လက်၍ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အထက (၁)တာမွေမှ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းသီဆိုကြသည်။ (၁၇၁)

သရက်မြို့နယ်၌ အသိပညာပေး ဟောပြောဆွေးနွေး

သရက် နိုဝင်ဘာ ၂၈

သရက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရပ်ရွာပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ရက် မွန်းလွဲ ၁နာရီက သရက်မြို့နယ် ကိုးပင်ကျေးရွာအုပ်စု အမက၌ ကျင်းပသည်။

အသိပညာပေး

ဟောပြောဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရေးမှူး ဦးစိုးလှမြင့်က အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီးဦးနေဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်သက်၊ သရက်မြို့နယ် စခန်းမှူး ရဲအုပ်ဝင်းနိုင်တို့က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးကြသည်။

ရှင်းလင်း

ထို့နောက် ကိုးပင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတိုးဝင်းက ကျေးရွာအတွင်း ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ *(၀၇၄)*



သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မဟာဗောဓိတံတားအမှတ်(၂) အုတ်ခုံခံသစ်သားတံတားအမှတ်(၂)ကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဝင်းလှိုင်ဆောင်ရွက်ရာသို့ နိုဝင်ဘာ ၁၉ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကြပ်မတ်စဉ်။ (မြို့နယ်စည်ပင်)

ဇန်းမော်၌ စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဆွေးနွေး

ဇန်းမော် ဒီဇင်ဘာ ၂

ဇန်းမော်မြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးပွဲနှင့် ငွေနှင့်စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မင်းလှကျေးရွာလူငယ်များစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး ကချင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် စေတနာရှင်များက စာကြည့်တိုက်အတွက် ငွေကျပ် ၃၀၀၀၀ နှင့် စာအုပ်မျိုးစုံ ၁၀၀ ကိုပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ပြောကြား

ဆက်လက်၍ နံနက် ၉နာရီခွဲတွင် ရွှေပြည်သာကျေးရွာမျိုးဆက်သစ်စာကြည့်တိုက်၌ ငွေနှင့်စာအုပ်များလှူဒါန်းပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတနာရှင်ပြည်သူများက စာကြည့်တိုက်အတွက် ငွေကျပ် ၃၅၀၀၀ နှင့် စာအုပ်မျိုးစုံ ၉၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (ခရိုင် ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ရက်က မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းဘေးဝဲယာ ချုံနွယ်များနှင့် သစ်ပင်ကြီးများကို ယာဉ်စက်ယန္တရားများဖြင့် သန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောသီဟ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၅၆) ကြိမ်မြောက် သွေးလှူဒါန်း

မိုးကောင်း နိုဝင်ဘာ ၃၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာ ဦးမောင်မောင်ကျော် **(အပေါ်ပုံ)** သည် နိုဝင်ဘာ ၁၁ရက်က မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ (၅၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်သူများအား နည်းပညာပေး ဟောပြောဆွေးနွေး

ကသာ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်း မိုးစပါးပန်းတိုင်အထွက်နှုန်း တင်း၁၀၀ ထွက်ရှိရေးအတွက် ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စုရှိ တောင်သူများအား နည်းပညာပေး ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ရက်က လမ်းခွကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်းက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ ပေါင်းစပ်အသုံးပြုရေး၊ ပေါင်းမြက်ကင်းစင်ရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး စသည့် တင်း ၁၀၀ ရရှိနိုင်သော နည်းပညာများကို ပညာပေး ဟောပြောဆွေးနွေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ နိုဝင်ဘာ ၂၃ရက်က ဦးတင့်လွင်-ဒေါ်ရီတင်တို့၏ သား မောင်မျိုးမင်းခန့် မွေးနေ့အလှူအဖြစ် ကျောင်းသား ကျောင်းသူများအား နို့အာဟာရ ဆန်ပြုတ်တိုက်ကျွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက တိုက်ကျွေးကြစဉ်။ (၁၀၅)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ရွှေကူမြို့၌ကျင်းပ

ရွှေကူ ဒီဇင်ဘာ ၃

ရွှေကူမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဒီဇင်ဘာ ၁ရက် နံနက် ၈နာရီက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟောပြောပွဲကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူရဇော်နှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူရဇော်က အေအိုင်ဒီအက်စ်ရောဂါအကြောင်း ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မာန်အောင်၌ဆွေးနွေး

မာန်အောင် နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်သည် တောင်ကုတ်မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေ လိုက်ပါလျက် နိုဝင်ဘာ ၁၇ရက်က မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ ရန်ပုံငွေစနစ်ထူထောင်ရေးနှင့် စာအုပ်စာစောင်များ တိုးပွားအောင် ဆောင်ရွက်ရေး ဆွေးနွေးကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ FM ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်ပေးနေ

ပြည်သူများ ဖမ်းယူနားသောတဆင်နိုင်ကြပြီ

နေပြည်တော် ဒီဇင်ဘာ ၅

နိုင်ငံတော်က ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသော ဗဟုသုတများ တိုးပွားစေရန်အတွက်လည်းကောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံလျက် Media Cover ဖြစ်စေရန်အတွက်လည်းကောင်း၊ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းနိုင်ကြစေရန်အတွက်လည်းကောင်း အသံလွှင့်အစီအစဉ်သစ်များ ဖြည့်ဆည်းပေးလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

အင်္ဂလန်အသင်း အုပ်စုက တက်မှာပါ

အင်္ဂလန်နည်းပြ-ကာပယ်လို

အုပ်စုကထွက်ရတဲ့ အစဉ်အလာမရှိပါဘူး

ဘရာဇီးနည်းပြ-ဒွန်ဂါ

ကိတ်တောင်း ဒီဇင်ဘာ ၅

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် အသင်း၃၂သင်းကို အုပ်စုရှစ်အုပ်စုခွဲပြီး မဲနှိုက်ဆုံးဖြတ်မှုကို တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့မှာ ဒီဇင်ဘာ ၄ရက်က ပြုလုပ်ပြီးတဲ့အခါ နာမည်ကြီးဘောလုံးအသင်းနည်းပြအချို့ရဲ့ ပြောစကားများကို ဖော်ပြလိုက်ရပါတယ်။

တောင်အာဖရိကအသင်း နည်းပြ ကာလို့စ်အယ်ဘာတိုပရဲရား

"အိမ်ရှင်အသင်းအနေနဲ့ အုပ်စုအနေအထား မချောင်ပါဘူး။ အုပ်စု(က)မှာ ကျွန်တော်တို့အသင်းဟာ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

သတင်းဆောင်းပါး - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ပတ္တမြား FM စတူဒီယိုခန်း

ပတ္တမြား FM ရေဒီယို အသံလွှင့်စတူဒီယို ခန်းရှိ အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ပေးသော စက်များကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း- မျိုးမင်းသိန်း (မရမ်းကုန်း)